၁၀။ ဦးစီးဌာနသည် ဖောက်လုပ်ပြီး ကျေးလက်လမ်းများ ရေရှည်တည်တံ့စေရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ဖောက်လုပ်ဆဲ ကျေးလက်လမ်းများ အရည်အသွေးပြည့်မီစေရေးအတွက် စစ်ဆေးခြင်းလုပ်ငန်းများကိုလည်းကောင်း သတ်မှတ်ချက်များနှင့်အညီ မဟာဗျူဟာရေးဆွဲ ချမှတ်ဆောင်ရွက်နိုင်သည်။

၁၁။ ဝန်ကြီးဌာနသည် ကျေးလက်လမ်းသစ်များ ဖောက်လုပ်ခြင်း သို့မဟုတ် ကျေးလက်လမ်းမြေတိုးချဲ့ခြင်း လုပ်ငန်းများအတွက် အနည်းဆုံးလိုအပ်သည့် မြေပမာဏကို ရရှိနိုင်ရန် အောက်ပါအတိုင်းဆောင်ရွက်နိုင်သည်-

(က) မြေပိုင်ဆိုင်သူ သို့မဟုတ် လုပ်ပိုင်ခွင့်ရှိသူက ကျေးလက်လမ်းအတွက် လှူဒါန်းသည့် မြေနေရာကို လက်ခံရယူခြင်း၊

(ခ) မြေသိမ်းယူခြင်းနှင့် အဆောက်အဦ ဖယ်ရှားခြင်းတို့ကို တည်ဆဲဥပဒေများနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း (၇)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၂။ မည်သူမဆို ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် ငါးသောင်းမှ အများဆုံး ကျပ် တစ်သိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကျေးလက်လမ်း ပျက်စီးဆုံးရှုံးမှုရှိပါက ပျက်စီးဆုံးရှုံးမှု တန်ဖိုးကို ပေးလျော်စေရမည်-

(က) ကျေးလက်လမ်းကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊

(ခ) ကျေးလက်လမ်း ပျက်စီးစေရန် တစ်နည်းနည်းဖြင့် ဆောင်ရွက်ခြင်း။

၁၃။ မည်သူမဆို-

(က) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ လမ်းနယ်နိမိတ်အတွင်း အဆောက်အဦ ဆောက်လုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးကျပ် တစ်သိန်းမှ အများဆုံး ကျပ် ငါးသိန်းအထိ ငွေဒဏ်ချမှတ်ရမည့်အပြင် ယင်းအဆောက်အဦအားလည်း ဆောက်လုပ်သူ၏ စရိတ်ဖြင့် ချက်ချင်း ဖယ်ရှားစေရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ပြစ်မှုကို ထပ်မံကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ချမှတ်ရမည့်အပြင် အနည်းဆုံး ကျပ် တစ်သိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်း အထိ ငွေဒဏ်ချမှတ်ရမည်။

၁၄။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံးကျပ် ငါးသောင်းမှ အများဆုံး ကျပ် ငါးသိန်း အထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကျေးလက်လမ်း ပျက်စီးဆုံးရှုံးမှုရှိပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်-

(က) ကျေးလက်လမ်းလုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း၊

(ခ) ကျေးလက်လမ်းပေါ်တွင် ဦးစီးဌာနက သတ်မှတ်ထားသော မောင်းနှင်သွားလာခွင့် မပြုသည့် ယာဉ်၊ ဘီးအမျိုးအစား သို့မဟုတ် ဝန်တင် အလေးချိန်ပါယာဉ်ကို မောင်းနှင်ခြင်း၊

(ဂ) လမ်းနယ်နိမိတ်အတွင်း ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်ကို ခုတ်လှဲခြင်း သို့မဟုတ် ဖျက်ဆီးခြင်း၊

(ဃ) လမ်းနယ်နိမိတ်အတွင်း လမ်း၊ တံတားနှင့် မြေပြင်အနေအထားကို ပြောင်းလဲစေရန် သို့မဟုတ် ပျက်စီးစေရန် ပြုလုပ်ခြင်း၊

(င) လမ်းနယ်နိမိတ်အတွင်း ကြော်ငြာဆိုင်းဘုတ်စိုက်ထူခြင်း။

၁၅။ မည်သူမဆို အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ် တစ်သောင်းမှ အများဆုံး ကျပ် တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် ကျေးလက်လမ်း ပျက်စီးဆုံးရှုံးမှုရှိပါက ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို ပေးလျော်စေရမည်-

(က) ကျေးလက်လမ်းများ ပျက်စီးခြင်းမှ ကာကွယ်ရန် သတ်မှတ်ထုတ်ပြန်ထားသည့် တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း၊

(ခ) ကျေးလက်လမ်းများပေါ်တွင် လှည်း သို့မဟုတ် တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း သို့မဟုတ် ရပ်နားခြင်းနှင့်စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း၊

(ဂ) ကျေးလက်လမ်းပေါ်တွင် သွားလာမှုကို အနှောင့်အယှက် ဖြစ်စေနိုင်သည့် သို့မဟုတ် ဘေးအန္တရာယ် ဖြစ်စေနိုင်သည့် ပစ္စည်းကို တမင်ထားရှိခြင်း။

၁၆။ မည်သူမဆို တရားရုံးကချမှတ်သော လျော်ကြေးငွေကို ဦးစီးဌာနသို့ ပေးဆောင်ရန် သို့မဟုတ် ကျေးလက်လမ်းကို မူလအနေအထားအတိုင်း ပြန်လည်ပြုပြင်ပေးရန် ပျက်ကွက်ပါက ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည်။

## အခန်း (၈)

## အထွေထွေ

၁၇။ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသည် မိမိဌာနအဖွဲ့အစည်း၏ လုပ်ငန်းလိုအပ်ချက်အရ ကျေးလက်လမ်းကို ဖြတ်သန်း၍ လုပ်ငန်းဆောင်ရွက်လိုပါက ဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်း၍ ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကို ရယူရမည်။

၁၈။ ဝန်ကြီးဌာနသည် ကျေးလက်လမ်းများ၏ နယ်နိမိတ်ကို သတ်မှတ်ရာတွင် ကျေးရွာအတွင်းရှိ လူနေအိမ်အဆောက်အဦများ၏ တည်ရှိမှု၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ ဒေသဆိုင်ရာဖွံ့ဖြိုးမှု၊ နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် မြို့ပြနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု၊ အခြားတည်ဆဲမြို့ပြနှင့် ကျေးလက်ဒေသဆိုင်ရာဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ညှိနှိုင်းသတ်မှတ်ရမည်။

၁၉။ ဝန်ကြီးဌာနသည် ကျေးလက်လမ်းနှင့် တံတားအသုံးပြုခ ကောက်ခံခြင်းကို လမ်းနှင့်တံတားအသုံးပြုခြင်းဆိုင်ရာဥပဒေနှင့်အညီ ဆောင်ရွက်ရမည်။

၂၀။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၁။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်–

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် ဦးစီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**အမိန့်ကြော်ငြာစာအမှတ် (၆၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်)

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့်**

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးစိုးမင်းထွန်း ကို သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|---|
| (က) | ဦးဇော်လင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန (ရုံးချုပ်)<br>နယ်စပ်ရေးရာဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>နယ်စပ်ဒေသနှင့် တိုင်းရင်းသား<br>လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန<br>နယ်စပ်ရေးရာဝန်ကြီးဌာန |
| (ခ) | ဦးသိန်းဝင်း<br>ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး (သာသနာရေး)<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>သာသနာတော်ထွန်းကားပြန့်ပွားရေး<br>ဦးစီးဌာန<br>သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန |

အမိန့်အရ

အောင်လင်းဒွေး
ဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုတရားလွှတ်တော်ချုပ်

### အမိန့်ကြော်ငြာစာအမှတ် (၃၅၉/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၇ ရက်)

ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ပြည်ထောင်စုတရားစီရင်ရေးဥပဒေပုဒ်မ ၆၄ နှင့်အညီ အောက်ဖော်ပြပါ ပထမတန်းရာဇဝတ်အာဏာရ တွဲဖက်မြို့နယ်တရားသူကြီးများအား ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်-

| အမှတ်စဉ် | အမည်နှင့် ကိုယ်ပိုင်အမှတ် | တာဝန်ထမ်းဆောင်သည့် မြို့နယ်တရားရုံး |
|---|---|---|
| ၁။ | ဒေါ်သိင်္ဂီဝင်း<br>တ/ ၃၂၆၁ | ပြည်ကြီးတံခွန်<br>မန္တလေးတိုင်းဒေသကြီး |
| ၂။ | ဦးသက်ဝေအောင်<br>တ/ ၃၄၄၃ | မဟာအောင်မြေ<br>မန္တလေးတိုင်းဒေသကြီး |
| ၃။ | ဒေါ်သင်းသင်းထွေး<br>တ/ ၃၆၂၇ | ချောက်<br>မကွေးတိုင်းဒေသကြီး |
| ၄။ | ဒေါ်စုစုထက်အောင်<br>တ/ ၃၆၉၂ | ပုသိမ်ကြီး<br>မန္တလေးတိုင်းဒေသကြီး |

သာဒွေး
ပြည်ထောင်စုတရားသူကြီးချုပ်
ပြည်ထောင်စုတရားလွှတ်တော်ချုပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

### အမိန့်ကြော်ငြာစာအမှတ် (၁၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်)

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် နိုင်ငံတော်ပိုင်ပစ္စည်းများကို ကောင်းမွန်စွာ ပြန်လည်အသုံးပြုနိုင်၊ ပြုပြင်ပြီးအသုံးပြုနိုင်နှင့် အသုံးမပြုနိုင်တို့ကို မှတ်တမ်းထားရှိပြီး ပြန်လည်အသုံးပြုနိုင်မည့်ပစ္စည်းများကို သင့်လျော်သည့်နေရာတွင် စနစ်တကျသိမ်းဆည်းထိန်းသိမ်းနိုင်ရေးအတွက် ကော်မရှင်၏ **နိုင်ငံတော်ပိုင်ပစ္စည်းများ ပြန်လည်ဆယ်တင်ရေးအဖွဲ့** ကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဦးတိုးရီ<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ခေါင်းဆောင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ခ) | ဦးထိန်လင်း<br>အမြဲတမ်းအတွင်းဝန်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| (ဂ) | ဦးလွင်အောင်<br>ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| (ဃ) | ဒေါ်အေးမြတ်မွန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| (င) | ဦးရဲထက်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| (စ) | ဦးကျော်ထွေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စုံစမ်းစစ်ဆေးရေးဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| (ဆ) | ဒေါ်မာမာချို<br>လက်ထောက်အတွင်းဝန်<br>ကော်မရှင်ရုံးအဖွဲ့<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| (ဇ) | ဦးမျိုးသက်ပိုင်<br>ညွှန်ကြားရေးမှူး<br>e-Government ဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |
| (ဈ) | ဒေါ်ခင်မိုးဦး<br>ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |

| စဉ် | အမည်၊ ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ည) | ဦးဗိုလ်ဝင်း<br>ညွှန်ကြားရေးမှူး<br>ဘတ်ဂျက်နှင့် ငွေစာရင်းဌာနခွဲ<br>စီမံရေးရာဦးစီးဌာန<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး | အဖွဲ့ဝင် |

၂။ **နိုင်ငံတော်ပိုင်ပစ္စည်းများ ပြန်လည်ဆယ်တင်ရေးအဖွဲ့** ၏လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ငလျင်ကြောင့် ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနများသို့ ဖြန့်ခွဲထုတ်ပေးထားသည့် ရုံးသုံးစက်ကိရိယာ၊ ရုံးသုံးပရိဘောဂနှင့် အခြားရုံးသုံးပစ္စည်းများ (ဖုန်း၊ Internet လိုင်း၊ လျှပ်စစ်နှင့် ဆက်စပ်ပစ္စည်းများ စသည်ဖြင့်) အား ထိခိုက်မှု ပျက်စီးမှုအပေါ် မူတည်၍ ပစ္စည်းအမျိုးအစား၊ ပစ္စည်းအရေအတွက် စသည်ဖြင့် စိစစ်ခွဲခြားပြီး ကော်မရှင်သို့ မှတ်တမ်းဓာတ်ပုံများနှင့် စာရင်းပြုစုတင်ပြနိုင်ရေး လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ခ ) ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာနများမှ ပြုစုတင်ပြလာသည့် ရုံးအသုံးအဆောင်ပစ္စည်းများအား ကောင်းမွန်စွာပြန်လည်သုံးစွဲနိုင်၊ ပြုပြင်သုံးစွဲနိုင်၊ ပြုပြင်သုံးစွဲ၍မရ ကောင်း၊ သင့်၊ ညံ့ အမျိုးအစား (၃) မျိုး ခွဲခြားသတ်မှတ်နိုင်ရေး ထပ်မံစိစစ်ဆောင်ရွက်ခြင်းနှင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးစာရင်း တွက်ချက်ခြင်းများကို ကြီးကြပ်ဆောင်ရွက်ခြင်း၊

( ဂ ) ပြုပြင်ရန်လိုအပ်သည့် ရုံးအသုံးအဆောင်ပစ္စည်းများအား ကောင်းမွန်စွာပြန်လည်အသုံးပြုနိုင်ရန် ပြင်ဆင်ကုန်ကျစရိတ်များအားတွက်ချက်၍ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင် ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း၊

(ဃ) ပြုပြင်သုံးစွဲ၍မရနိုင်တော့သည့် ရုံးအသုံးအဆောင်ပစ္စည်းများအား လုံခြုံစိတ်ချရသည့်နေရာများတွင် သိမ်းဆည်းနိုင်ရေး လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ခြင်းနှင့် စာရင်းမှပယ်ဖျက်နိုင်ရန် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ခြင်း။

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်)

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ စီမံခန့်ခွဲရေးကော်မတီ ပြင်ဆင်ဖွဲ့စည်းခြင်း

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုများ၊ လုံခြုံရေး၊ ဝန်ထမ်းသက်သာချောင်ချိရေး ကိစ္စရပ်များတွင် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားတိုးတက်စေရန်နှင့် လုပ်ငန်းများ အချိန်မီပြီးစီးရေး

ပေါင်းစပ်ညှိနှိုင်းဆုံးဖြတ်သွားနိုင်ရန်အတွက် စီမံခန့်ခွဲရေးကော်မတီကို အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| | | |
|---|---|---|
| (က) | ဦးစစ်အေး<br>ဥက္ကဋ္ဌ<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ဥက္ကဋ္ဌ |
| (ခ) | ဦးတင်ဆွေဝင်း<br>ကော်မရှင်အတွင်းရေးမှူး<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | ဒုတိယဥက္ကဋ္ဌ |
| (ဂ) | ဦးကျော်ဝင်းသိန်း<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဃ) | ဦးအောင်မြင့်လွင်<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (င) | ဦးသန်းစိုး<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (စ) | ဒေါ်ကြူကြူဝင်း<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဆ) | ဦးဝင်းတည်<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဇ) | ဦးကျော်စိုးလင်း<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ဈ) | ဒေါက်တာ ထွန်းထွန်းဦး<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |
| (ည) | ဦးသန်းထွတ်သိန်း<br>ကော်မရှင်အဖွဲ့ဝင်<br>အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် | အဖွဲ့ဝင် |

( ၄ ) ဦးတိုးရီ — အဖွဲ့ဝင်
ကော်မရှင်အဖွဲ့ဝင်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

( ၅ ) ဦးကောင်းဇော်သန့် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
နိုင်ငံတကာရေးရာနှင့် တားဆီးကာကွယ်ရေးဦးစီးဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

( ၃ ) ဦးဇော်မင်းထွန်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စုံစမ်းစစ်ဆေးရေးဦးစီးဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

( ၁ ) ဦးထိန်လင်း — အတွင်းရေးမှူး
အမြဲတမ်းအတွင်းဝန်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

(ဏ) ဦးလွင်အောင် — တွဲဖက်အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
စီမံရေးရာဦးစီးဌာန
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

၂။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၊ စီမံခန့်ခွဲရေးကော်မတီသည် ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာန (၃) ခုတို့၏ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ စီမံရေးရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပါ တာဝန်နှင့်လုပ်ပိုင်ခွင့်များအား နိုင်ငံတော်အကြီးအကဲ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ မူဝါဒ၊ လမ်းညွှန်ချက်များနှင့်အညီ အကောင်အထည်ဖော် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန်အတွက် လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်းသတ်မှတ်သည်–

(က) နိုင်ငံတစ်ဝန်းတွင် ပျံ့နှံ့နေသော အဂတိလိုက်စားမှုများအား အများပြည်သူနှင့်အတူလက်တွဲ၍ တွန်းလှန် တိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရေး ရည်မှန်းချက်ထား၍ မူဝါဒ ချမှတ်ဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

( ခ ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများ၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်းများ၊ မီဒီယာများနှင့်ပြည်သူများ ပိုမိုပါဝင်လာစေရေး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်းကိစ္စရပ်များအား ကြီးကြပ်ဆောင်ရွက်ရန်၊

( ဂ ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ ရောက်ရှိလာသော တိုင်ကြားစာများအား စိစစ်သုံးသပ်ပြီး ကြိုတင်စုံစမ်းထောက်လှမ်းခြင်း၊ စစ်ဆေးအရေးယူခြင်း၊ ဝန်ကြီးဌာန/ အဖွဲ့အစည်းများသို့ လွှဲပြောင်းပေးခြင်း၊ တိုင်ကြားသူများထံ အကြောင်းပြန်ကြားခြင်းများကို ကြီးကြပ်ဆောင်ရွက်ရန်၊

(ဃ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က တရားစွဲတင်ရန် ဆုံးဖြတ်လိုက်သည့်ကိစ္စရပ်များကို ဥပဒေနှင့်အညီ တရားစွဲတင်နိုင်ရေးအတွက် လိုအပ်သည့်ဥပဒေအကြံဉာဏ်များပေးရန်၊ အထောက်အကူပြုရန်နှင့် ဥပဒေပြုအဖွဲ့အစည်းများနှင့် ဥပဒေဆိုင်ရာမူဘောင်များ ဆွေးနွေးနိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(င) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် လက်မှတ်ရေးထိုးဝင်ရောက်ထားသော ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကွန်ဗင်းရှင်း(UNCAC) သဘောတူစာချုပ်ပါပြဋ္ဌာန်းချက်များအား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ နှစ်နိုင်ငံနားလည်မှုစာချွန်လွှာ (MoU) ရေးထိုးခြင်းကိစ္စရပ်များနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ သက်ဆိုင်သည့်ဌာနများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(စ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ လုပ်ငန်းဆောင်ရွက်မှုများ ကျစ်လျစ်ခိုင်မာစွာဆောင်ရွက်နိုင်ရေးအတွက် ဖွဲ့စည်းထားသော လုပ်ငန်းကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကြီးကြပ်ဆောင်ရွက်ရန်၊

(ဆ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာန (၃) ခုတွင် ဝန်ထမ်းများခန့်အပ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ နုတ်ထွက်ခြင်းစသည့်ကိစ္စရပ်များ၊ စည်းကမ်းပိုင်းဆိုင်ရာ ညွှန်ကြားချက်များထုတ်ပြန်ခြင်းကိစ္စ၊ အပြစ်ပေးအရေးယူခြင်းဆိုင်ရာကိစ္စရပ်များနှင့် ဝန်ထမ်းသက်သာချောင်ချိရေးဆိုင်ရာကိစ္စရပ်များကို ကော်မတီသို့တင်ပြစေ၍ စနစ်တကျကြီးကြပ်ဆောင်ရွက်ရန်၊

(ဇ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၏ ဖွဲ့စည်းပုံပြင်ဆင်ဖွဲ့စည်းခြင်းနှင့် တိုးချဲ့ခြင်း/လျှော့ချခြင်း၊ အမည်ပြင်ဆင်ပြောင်းလဲခြင်း ကိစ္စရပ်များအား စိစစ်ကြပ်မတ်ရန်၊

(ဈ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ အရာထမ်း၊ အမှုထမ်းများ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘာသာရပ်ဆိုင်ရာသင်တန်းများနှင့် ဆက်စပ်သင်တန်းများ၊ ဆွေးနွေးပွဲများသို့တက်ရောက်နိုင်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ည) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့်စပ်လျဉ်းသည့် နိုင်ငံတော်လျှို့ဝှက်ချက်များ ပေါက်ကြားမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဋ) ပြည်ထောင်စုအရအသုံးဆိုင်ရာဥပဒေနှင့်အညီ ဘဏ္ဍာငွေမှ သုံးစွဲဆောင်ရွက်ရမည့်လုပ်ငန်းရပ်များ၊ အဆောက်အအုံဆောက်လုပ်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ဌာနပိုင်ပစ္စည်းစာရင်းမှ ပယ်ဖျက်ခြင်း၊ ထုခွဲရောင်းချခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ သတ်မှတ်လုပ်ထုံးလုပ်နည်းနှင့် ညီညွတ်မှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဌ) အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး၊ ကော်မရှင်ရုံးအဖွဲ့နှင့် ဦးစီးဌာန (၃) ခုတို့၏ နှစ်စဉ်ရသုံးမှန်းခြေငွေစာရင်း လျာထားခြင်းကိစ္စရပ်များ၊ ဘဏ္ဍာငွေခွင့်ပြုမှုအပေါ် ငွေကြေးသုံးစွဲခြင်းဆိုင်ရာကိစ္စရပ်များကို ဘဏ္ဍာရေးဆိုင်ရာသတ်မှတ်လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျစိစစ်သုံးစွဲရေး၊ ဘဏ္ဍာရေးနှစ်အတွင်း လအလိုက်လျာထားချက်ဘောင်အတွင်း ထိန်းချုပ်သုံးစွဲရေးအတွက် ကြီးကြပ်ဆောင်ရွက်ရန်၊

(ဍ) အခါအားလျော်စွာ နိုင်ငံတော်အကြီးအကဲများနှင့် အထက်ဌာနများ၏ ညွှန်ကြားချက်များအရ ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များကျရောက်ပါက မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းရပ်များကို စနစ်တကျစီမံခန့်ခွဲဆောင်ရွက်ရန်၊

(ဎ) e-Government နှင့် သတင်းအချက်အလက်နည်းပညာဆိုင်ရာလုပ်ငန်းများ တိုးတက်မှုရှိစေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(ဏ) လုံခြုံရေးနှင့်ပတ်သက်၍ လုံခြုံရေးစီမံချက်များနှင့်အညီဖြစ်စေရေး ကြီးကြပ်ဆောင်ရွက်ရန်၊

(တ) မော်တော်ယာဉ်၊ ရုံးသုံးစက်ကိရိယာ၊ စာရေးကိရိယာများနှင့် ပရိဘောဂများ ဖြည့်တင်းခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ရုံးသုံးပစ္စည်းများ စနစ်တကျသုံးစွဲထိန်းသိမ်းရန်နှင့် လမ်းညွှန်ဆောင်ရွက်ရန်၊

(ထ) ကော်မရှင်အတွက် Code of Conduct ရေးဆွဲပြီးဖြစ်၍ Code of Conduct ပါ ပြဋ္ဌာန်းချက်နှင့်အညီ လိုက်နာဆောင်ရွက်ရေး စီမံဆောင်ရွက်ရန်။

၃။ ယခင်ထုတ်ပြန်ထားသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄/ ၂၀၂၅ အား ဤအမိန့်ကြော်ငြာစာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

စစ်အေး
ဥက္ကဋ္ဌ
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

## အမိန့်ကြော်ငြာစာအမှတ် (၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်)

### ခရီးသွားလုပ်ငန်းကော်မတီတွင်အဖွဲ့ဝင် (၅) ဦး အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်း

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၂၂ ဖြင့် ပြန်လည်ဖွဲ့စည်းခဲ့သည့် ခရီးသွားလုပ်ငန်းကော်မတီတွင် အဖွဲ့ဝင် (၅) ဦးတို့အား အောက်ပါအတိုင်း အစားထိုးပြင်ဆင်ဖွဲ့စည်းလိုက်သည်-

| စဉ် | လက်ရှိကိုယ်စားလှယ် | အစားထိုးပြင်ဆင်သည့်ကိုယ်စားလှယ် |
|---|---|---|
| (က) | ဦးတင်မြင့်<br>ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>မြန်မာနိုင်ငံဟိုတယ်ဆိုင်ရာ<br>လုပ်ငန်းရှင်များအသင်း (ရန်ကုန်ဇုန်) | ဦးမျိုးသွင်<br>ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် |

| စဉ် | လက်ရှိကိုယ်စားလှယ် | အစားထိုးပြင်ဆင်သည့်ကိုယ်စားလှယ် |
|---|---|---|
| (ခ) | ဒေါ်နှင်းသက်ကျော်နိုင်<br>ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>အလုပ်အမှုဆောင်<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်<br>မြှင့်တင်ရေးအသင်း | ဦးကျော်မင်းထင်<br>ခရီးသွားလုပ်ငန်းတတ်သိပညာရှင်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်<br>မြှင့်တင်ရေးအသင်း |
| (ဂ) | ဦးအောင်လင်းထင်<br>ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း<br>ကိုယ်စားလှယ်<br>မြန်မာ- ဂျပန် ခရီးသွားလုပ်ငန်း<br>မြှင့်တင်ရေးကော်မတီ<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် | ဦးသက်လွင်တိုး<br>ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း<br>ကိုယ်စားလှယ်<br>ဒုတိယဥက္ကဋ္ဌ (၆)<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် |
| (ဃ) | ဒေါ်ပွင့်နွယ်အောင်<br>ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း<br>ကိုယ်စားလှယ်<br>မြန်မာ-အာဆီယံ ခရီးသွားလုပ်ငန်း<br>မြှင့်တင်ရေးကော်မတီ<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် | ဦးမင်းသိန်း<br>ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း<br>ကိုယ်စားလှယ်<br>ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများ<br>ဆိုင်ရာလုပ်ငန်းအသင်း |
| (င) | ဦးကျော်မင်းထင်<br>ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း<br>ကိုယ်စားလှယ်<br>တွဲဖက်အထွေထွေအတွင်းရေးမှူး (၂)<br>မြန်မာ-ဥရောပ ခရီးသွားလုပ်ငန်း<br>မြှင့်တင်ရေးကော်မတီ<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် | ဦးကောင်းမင်းခန့်<br>ပုဂ္ဂလိကခရီးသွားအဖွဲ့အစည်း<br>ကိုယ်စားလှယ်<br>ဒုတိယဥက္ကဋ္ဌ<br>မြန်မာနိုင်ငံခရီးသွားလုပ်ငန်းဈေးကွက်<br>မြှင့်တင်ရေးအသင်း |

ဗိုလ်ချုပ်ကြီး မြထွန်းဦး

ဥက္ကဋ္ဌ

အမျိုးသားခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဗဟိုကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ပြည်ထဲရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာ (၃၅၀/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၁)၊ မြေကွက်အမှတ် (၈၃/က၊ ၈၄/က၊ ၁၀၃/က၊ ၁၀၂/က) ရှိ **တိပိဋကမဟာဂန္ဓာရုံကျောင်းတိုက်** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၁၀.၈၅၉ ဧက** အနက်မှ **၀.၁၆၆၁ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံမြို့နှင့် ကျေးရွာမြေများ နည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးထင်အောင် [၁၂/မဂဒ (နိုင်) ၁၀၀၆၀၄] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၈၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၉ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ ဒုံဖီကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၆/OSS/ဒုံဖီကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၆၄၃)၊ **မြေဧရိယာ ၂.၀၁ ဧက** အား ရော်ဘာအထပ်သားစက်ရုံ မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ကျပ် ၂၄၀,၂၀၀/– နှုန်းဖြင့် ဦးသိန်းဝင်း [၁၃/လရန (နိုင်) ၀၃၆၇၀၅] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၈၃/၂၀၂၅)

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ သာယာဝတီမြို့နယ်၊ မကျီးကွင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၃၃၃/ဘိုကြီးကုန်း)၊ ဦးပိုင်အမှတ် (၆၀)၊ **မြေဧရိယာ ၅.၁၉ ဧက** အား **အထည်ချုပ်စက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ကျပ် ၃,၁၁၄,၀၀၀/–နှုန်းဖြင့် ဒေါ်တင်နိုင်အေး [၁၂/လမန (နိုင်) ၀၇၆၆၁၀] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ **နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန်** ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၈၄/၂၀၂၅)

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်န်းကျွန်းကြီးကျေးရွာအုပ်စု၊ မြေတိုင်းရပ်ကွက်အမှတ် (၅၃၂/ Cᵃ)၊ မြေကွက်အမှတ် (၃/၁၈၉၊ ၃/၁၉၀) ရှိ **မြစကြာကျောင်းတိုက်** အခွန်လွတ်သာသနာ့ **မြေဧရိယာ ၁.၅၈ ဧက** အနက်မှ **၀.၀၇၅ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ်အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၂ နှင့်အညီ သိမ်ဒါယကာ ဦးဇော်မျိုးအောင် [၁၀/မလမ (နိုင်) ၀၀၁၃၀၃] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာ (၃၈၅/၂၀၂၅)

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့၊ ဆန်းချီရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၂၄/တိုးချဲ့မြို့ကွက်သစ်)၊ ဦးပိုင်အမှတ် (၁၀၀၀) ရှိ မြေဧရိယာ ၀.၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၀၀၁) ရှိ မြေဧရိယာ ၀.၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၀၀၂) ရှိမြေဧရိယာ ၀.၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၀၀၃) ရှိမြေဧရိယာ ၀.၀၅၅ ဧက၊ ဦးပိုင်အမှတ် (၁၀၀၄) ရှိမြေဧရိယာ ၀.၀၅၅ ဧကနှင့် ဦးပိုင်အမှတ် (၁၀၀၅) ရှိမြေဧရိယာ ၀.၀၅၅ ဧက **စုစုပေါင်းမြေဧရိယာ ၀.၃၃၀ ဧက** အား **လူမှုဝန်ထမ်းဦးစီးဌာန၊ အကြမ်းဖက်ခံရသော အမျိုးသမီးများအား တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာ (OSWSC)** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၈၆/၂၀၂၅)

မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ ကြီးပင်ကန်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၁၃၁၇/လင်ကွာတောင်)၊ ဦးပိုင်အမှတ် (၄/ခ ၁)၊ **မြေဧရိယာ ၀.၉၂ ဧက** အား **ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန၊ မင်းဘူးခရိုင်ဦးစီးမှူးရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

## အမိန့်ကြော်ငြာစာ (၃၈၇/၂၀၂၅)

ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်၊ လပွတ္တာမြို့နယ်၊ လပွတ္တာ (၃) မိုင်မြို့၊ အမှတ် (၂) ရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၅၅၆/ဖလံတော)၊ မြေကွက်အမှတ် (၁၀၄) ရှိ **မြေဧရိယာ ၀.၃၀၉ ဧက** အား **လပွတ္တာမြို့နယ် လူမှုဝန်ထမ်းဦးစီးဌာနရုံး** မြေနေရာအဖြစ် အသုံးပြုရန်အတွက် မြေနှင့်အခွန် အမိန့်ဆင့်ဆိုချက် ၃၃၂ အရ **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** သို့ အခမဲ့လွှဲပြောင်းပေးလိုက်သည်။

အခမဲ့လွှဲပြောင်းပေးသောမြေသည် အမှုတွဲပါ စစ်ဆေးအတည်ပြုထားသည့် မြေပုံအတိုင်းဖြစ်ပြီး **လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန** က အသုံးမပြုသောနေ့တွင် နိုင်ငံတော်သို့ပြန်လည်အပ်နှံရမည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်)

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ အောက်ဖော်ပြပါ လက်ထောက်အထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀) (၂) ဦးတို့အား လစ်လပ်လျက်ရှိသော ဒုတိယအထွေထွေမန်နေဂျာ၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ရာထူးနေရာများသို့ တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

(၁) ဒေါ်ဇင်ဝင်းမာ

(၂) ဦးမိုးဟိန်း

ဝင်းရှိန်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်)

၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါအရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| **အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး** | **တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ တာဝန်ကျရုံး** |
|---|---|
| ဒေါ်မာလာဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>(၃၄၁,၀၀၀-၄,၀၀၀-၃၆၁,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ဧရာဝတီတိုင်းဒေသကြီး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန<br>ကချင်ပြည်နယ် |

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၅/၂၀၂၅)**

၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါအရာထမ်းအား ယင်းနှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာသို့ အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ ပြောင်းရွှေ့တာဝန်ပေးအပ်လိုက်သည်–

| **အမည်၊ ရာထူး၊ လစာနှုန်း၊ လက်ရှိတာဝန်ကျရုံး** | **ပြောင်းရွှေ့တာဝန်ပေးအပ်သည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ** |
|---|---|
| ဦးအောင်ကျော်ထက်<br>ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>ကချင်ပြည်နယ်ရုံး | ညွှန်ကြားရေးမှူး<br>(၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)<br>စီမံခန့်ခွဲရေးဌာနခွဲ<br>နေပြည်တော် (ရုံးချုပ်) |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၁၃၉/၂၀၂၅)**

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်)

**သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၊ ကြေးတိုင်၊ စီမံကိန်းနှင့် သုတေသနဌာနခွဲမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး ဦးမြင့်သိန်း အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်နေ့မှ နိုဝင်ဘာလ ၁၄ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၂၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ကြီးကြပ်မှုအောက်ရှိ ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်းအသီးသီးတွင် စီမံကိန်းများဆောင်ရွက်ခြင်း၊ ပြည်တွင်း ပြည်ပမှ စက်ပစ္စည်းများဝယ်ယူခြင်းနှင့်ပတ်သက်၍ နိုင်ငံပိုင် သတင်းစာများမှ တင်ဒါစနစ်ဖြင့် ခေါ်ယူဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့ဆောင်ရွက်ရာတွင် ဦးစီးဌာန/လုပ်ငန်း/ကော်ပိုရေးရှင်းများအလိုက် ဆောင်ရွက်ရသော စီမံကိန်းကြီးများ၊ နိုင်ငံခြားငွေအသုံးပြုဝယ်ယူသော ပစ္စည်းဝယ်ယူမှုများ ပြည်တွင်းငွေတန်ဖိုးများဖြင့် ဝယ်ယူရသော ပစ္စည်းဝယ်ယူမှုနှင့် ဌာနအသီးသီးမှ တင်ဒါလုပ်ငန်းများနှင့်ပတ်သက်၍ နောက်ဆုံးအပြီးသတ် တင်ဒါစိစစ်အတည်ပြုခြင်းကို ဆောင်ရွက်ရန်အတွက် **ဝန်ကြီးဌာန တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ဖွဲ့စည်းမှု**

| | | |
|---|---|---|
| (၁) | ဒုတိယဝန်ကြီး<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (၂) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | အဖွဲ့ဝင် |
| (၃) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၄) | ညွှန်ကြားရေးမှူးချုပ်<br>ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| (၅) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၆) | ဦးဆောင်ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း | အဖွဲ့ဝင် |
| (၇) | အမှုဆောင်အရာရှိချုပ်<br>ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | အဖွဲ့ဝင် |
| (၈) | အမှုဆောင်အရာရှိချုပ်<br>မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | အဖွဲ့ဝင် |

(၉) ဒုတိယအမြဲတမ်းအတွင်းဝန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန — အဖွဲ့ဝင်

(၁၀) တင်ဒါခေါ်ဆိုသည့်ဌာနမှတာဝန်ခံ ဒုတိယညွှန်ကြားရေးမှူးချုပ်/အထွေထွေမန်နေဂျာ — အဖွဲ့ဝင်

(၁၁) ညွှန်ကြားရေးမှူးချုပ် လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန — အတွင်းရေးမှူး

( ခ ) **တာဝန်သတ်မှတ်ချက်**

(၁) တင်ဒါစိစစ်အတည်ပြုခြင်းကို ကော်မတီအဖွဲ့ဝင်များ စုံညီသည့်အချိန်တွင် ဆောင်ရွက်သွားရန်နှင့် အရေးပေါ်အခြေအနေအရလည်းကောင်း၊ အခြားအကြောင်းတစ်ခုခုကြောင့် ချက်ချင်းအတည်ပြုဆောင်ရွက်ပေးရန် လိုအပ်ချက်အရလည်းကောင်း ဆောင်ရွက်ရန်လိုအပ်ပါက အနီးစပ်ဆုံး ဝန်ကြီးဌာန၏ စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးသို့ ရှင်းလင်းတင်ပြ၍ အတည်ပြုဆောင်ရွက်သွားရမည်။

(၂) တင်ဒါစိစစ်အတည်ပြုရေးကော်မတီသည် အထက်ဖော်ပြပါ တင်ဒါစိစစ်အတည်ပြုခြင်းများကို နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ ပါ **အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင်လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း** နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ ပါ **အစိုးရ၏ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင်လိုက်နာရမည့်ညွှန်ကြားချက်** များ၏ လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်ထားရှိမှု ရှိ မရှိ စိစစ်လျက်လိုအပ်ပါက ပြည်ထောင်စုဝန်ကြီးထံ ဆောလျင်စွာတင်ပြပြီး အတည်ပြုချက်ကို အမြန်ဆုံးထုတ်ပြန်ပေးရမည်။

၃။ ထို့အပြင် ဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများအလိုက် ကော်မတီများအား အောက်ပါအတိုင်း ဖွဲ့စည်းလိုက်သည်-

(က) **ပြည်ထောင်စုဝန်ကြီးရုံး**

(၁) **တင်ဒါကော်မတီ**

| | | |
|---|---|---|
| (ကက) | ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| ( ခခ ) | ဒုတိယအမြဲတမ်းအတွင်းဝန် | အဖွဲ့ဝင် |
| ( ဂဂ ) | လက်ထောက်အတွင်းဝန် (မူဝါဒ) | အဖွဲ့ဝင် |
| (ဃဃ) | လက်ထောက်အတွင်းဝန် (စီမံကိန်း) | အဖွဲ့ဝင် |
| ( ငင ) | လက်ထောက်အတွင်းဝန် (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| ( စစ ) | လက်ထောက်အတွင်းဝန် (ဆက်ဆံ/ပြန်ကြား) | အဖွဲ့ဝင် |
| (ဆဆ) | လက်ထောက်အတွင်းဝန် (e-Government) | အဖွဲ့ဝင် |
| ( ဇဇ ) | လက်ထောက်အတွင်းဝန် (အုပ်ချုပ်ရေး) | အတွင်းရေးမှူး |

(၂) **တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှု ရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စစ်ဆေးခြင်း၊

(ခခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(ဃဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(ငင) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများသတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(စစ) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်နှင့်နေရာ နှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း၊

(ဆဆ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(ဇဇ) တင်ဒါမအောင်မြင်သူအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း၊

(ဈဈ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ညည) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေး တင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဋဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

(၃) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဒုတိယအမြဲတမ်းအတွင်းဝန် | ဥက္ကဋ္ဌ |
| (ခခ) | လက်ထောက်အတွင်းဝန် (အုပ်ချုပ်ရေး) | အဖွဲ့ဝင် |
| (ဂဂ) | လက်ထောက်အတွင်းဝန် (မူဝါဒ) | အဖွဲ့ဝင် |
| (ဃဃ) | လက်ထောက်အတွင်းဝန် (စီမံကိန်း) | အဖွဲ့ဝင် |

(ငင) လက်ထောက်အတွင်းဝန် (e-Government) အဖွဲ့ဝင်

(စစ) လက်ထောက်အတွင်းဝန် (ဆက်ဆံ/ပြန်ကြား) အဖွဲ့ဝင်

(ဆဆ) လက်ထောက်အတွင်းဝန် (ဘဏ္ဍာရေး) အတွင်းရေးမှူး

(၄) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ။** ''ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" သည် ငှားရမ်းရောင်းချမည့်နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး ''တင်ဒါကော်မတီ" သို့ တင်ပြရမည်။

(၅) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

(ကက) လက်ထောက်အတွင်းဝန် (စီမံကိန်း) ဥက္ကဋ္ဌ

(ခခ) လက်ထောက်အတွင်းဝန် (အုပ်ချုပ်ရေး) အဖွဲ့ဝင်

(ဂဂ) လက်ထောက်အတွင်းဝန် (မူဝါဒ) အဖွဲ့ဝင်

(ဃဃ) လက်ထောက်အတွင်းဝန် (ဘဏ္ဍာရေး) အဖွဲ့ဝင်

(ငင) လက်ထောက်အတွင်းဝန် (ဆက်ဆံ/ပြန်ကြား) အဖွဲ့ဝင်

(စစ) လက်ထောက်အတွင်းဝန် (e-Government) အဖွဲ့ဝင်

(ဆဆ) ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း) အတွင်းရေးမှူး

(၆) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခခ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(ဂဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(၇) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(ကက) လက်ထောက်အတွင်းဝန် (e-Government) ဥက္ကဋ္ဌ

(ခခ) ဒုတိယညွှန်ကြားရေးမှူး (အုပ်ချုပ်ရေး) အဖွဲ့ဝင်

(ဂဂ) ဒုတိယညွှန်ကြားရေးမှူး (စီမံကိန်း) အဖွဲ့ဝင်

(ဃဃ) ဒုတိယညွှန်ကြားရေးမှူး (ဘဏ္ဍာရေး) အဖွဲ့ဝင်

(ငင) ဒုတိယညွှန်ကြားရေးမှူး (ဆက်ဆံ/ပြန်ကြား) အဖွဲ့ဝင်

(စစ) ဒုတိယညွှန်ကြားရေးမှူး (မူဝါဒ) အတွင်းရေးမှူး

(၈) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကိုစမ်းသပ်ခြင်း၊

(ခခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂဂ) ဝယ်ယူမည့်ဌာန အဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများထုတ်ပေးခြင်း။

( ခ ) **လျှပ်စစ်စွမ်းအားစီမံရေးဦးစီးဌာန**

(၁) **တင်ဒါကော်မတီ**

| | | |
|---|---|---|
| (ကက) | ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (ခခ) | ညွှန်ကြားရေးမှူး<br>လူအင်အားစီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဂဂ) | ညွှန်ကြားရေးမှူး<br>စီးပွားရေးစီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးမှုစီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူး<br>အပူစွမ်းအင်စီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (စစ) | ညွှန်ကြားရေးမှူး<br>ရေအားနှင့် ပြန်လည်ပြည့်ဖြိုးမြဲ<br>စွမ်းအင်စီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဆဆ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) | တွဲဖက်အတွင်းရေးမှူး |
| (ဇဇ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) | အတွင်းရေးမှူး |

(၂) **တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) ဆောင်ရွက်မည့် စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ခခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းတို့အတွက် လိုအပ်သည့် တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်း၊

(ဃဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကန်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှု စံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း၊

(ငင) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများသတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(စစ) တင်ဒါတင်သွင်းရမည့် အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်နှင့်နေရာ နှင့် တင်ဒါအောင်မြင်သူ စာရင်းထုတ်ပြန်မည့် နေ့ရက်သတ်မှတ်ခြင်း၊

(ဆဆ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း၊

(ဇဇ) တင်ဒါမအောင်မြင်သူအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဈဈ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ညည) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေး တင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း။

(၃) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) | ဥက္ကဋ္ဌ |
| (ခခ) | ဒုတိယညွှန်ကြားရေးမှူး (၁)<br>စီးပွားရေးစီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဂဂ) | ဒုတိယညွှန်ကြားရေးမှူး (၁)<br>ရေအားနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်<br>စီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဃဃ) | ဒုတိယညွှန်ကြားရေးမှူး (၁)<br>အပူစွမ်းအင်စီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူး<br>စီးပွားရေးစီမံရေးဌာနခွဲ | အတွင်းရေးမှူး |

(၄) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ။** တင်ဒါခေါ်ယူဆောင်ရွက်မည့် လုပ်ငန်းများအတွက် ကြမ်းခင်းဈေးနှုန်းကို စနစ်တကျတွက်ချက်ပြီး တင်ဒါကော်မတီသို့ တင်ပြဆောင်ရွက်ခြင်း။

(၅) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) | ဥက္ကဋ္ဌ |
| (ခခ) | ညွှန်ကြားရေးမှူး<br>လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးမှုစီမံရေးဌာနခွဲ | အဖွဲ့ဝင် |

| | | |
|---|---|---|
| (ဂဂ) | ညွှန်ကြားရေးမှူး အပူစွမ်းအင်စီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူး ရေအားနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ငင) | ဒုတိယညွှန်ကြားရေးမှူး (၁) လူအင်အားစီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (စစ) | ညွှန်ကြားရေးမှူး လူအင်အားစီမံရေးဌာနခွဲ | အတွင်းရေးမှူး |

(၆) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခခ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(ဂဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(၇) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ညွှန်ကြားရေးမှူး လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးမှုစီမံရေးဌာနခွဲ | ဥက္ကဋ္ဌ |
| (ခခ) | ဒုတိယညွှန်ကြားရေးမှူး (၂) စီးပွားရေးစီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဂဂ) | ဒုတိယညွှန်ကြားရေးမှူး (၂) အပူစွမ်းအင်စီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ဃဃ) | ဒုတိယညွှန်ကြားရေးမှူး (၂) ရေအားနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် စီမံရေးဌာနခွဲ | အဖွဲ့ဝင် |
| (ငင) | ဒုတိယညွှန်ကြားရေးမှူး (၂) လျှပ်စစ်ဓာတ်အားဖွံ့ဖြိုးမှုစီမံရေးဌာနခွဲ | အတွင်းရေးမှူး |

(၈) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခခ) ပစ္စည်း သို့မဟုတ် လုပ်ငန်းအား စာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂဂ) ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက်ကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃဃ) ပစ္စည်းလက်ခံ သို့မဟုတ် လုပ်ငန်းပြီးစီးမှုစာရွက်စာတမ်းများထုတ်ပေးခြင်း။

(ဂ) **လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**

(၁) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း)<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(တင်ဒါခေါ်ဆိုမှုမပြုသည့် ဓပစ/ဓအစ) | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူး<br>စီမံခန့်ခွဲရေးဌာန | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (စစ) | ညွှန်ကြားရေးမှူး<br>ပစ္စည်းစီမံရေးဌာန | အဖွဲ့ဝင် |
| (ဆဆ) | ညွှန်ကြားရေးမှူး<br>ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန | အဖွဲ့ဝင် |
| (ဇဇ) | ညွှန်ကြားရေးမှူး<br>ဓာတ်အားစနစ်ဌာန | အဖွဲ့ဝင် |
| (ဈဈ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(သက်ဆိုင်ရာတင်ဒါခေါ်ဆိုသည့် ဓပစ/ဓအစ) | အတွင်းရေးမှူး |

(၂) **တာဝန်သတ်မှတ်ချက်။** တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီအဖွဲ့သည် တင်ဒါစာရွက်စာတမ်းများကို ဌာနအလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီပြုစုခြင်း၊ အချိန်မီတင်ဒါခေါ်ဆိုခြင်း၊ တင်ဒါတင်သွင်းလိုသူများ၏ မေးမြန်းချက်များအပေါ် စိစစ်ဖြေကြားခြင်း၊ တင်ဒါစာရွက်စာတမ်းများကို စနစ်တကျစစ်ဆေးပြီး Evaluation ပြုလုပ်ရန်နှင့် လုံခြုံမှုရှိစေရန်အတွက် သက်ဆိုင်ရာအပိုင်းလိုက် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

(၃) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်<br>ကွပ်ကဲရေးဦးစီးဌာန | ဥက္ကဋ္ဌ |

| | | |
|---|---|---|
| (ခခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ခါတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ခါတ်အားစနစ်ဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူး<br>ဘဏ္ဍာရေးဌာန | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူး (မြို့ပြ)<br>ခါတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန | အဖွဲ့ဝင် |
| (စစ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း)<br>လျှပ်စစ်ခါတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန | အတွင်းရေးမှူး |
| (ဆဆ) | ညွှန်ကြားရေးမှူး<br>ပစ္စည်းစီမံရေးဌာန | တွဲဖက်အတွင်းရေးမှူး |

(၄) **တာဝန်သတ်မှတ်ချက်။** ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီသည် တင်ဒါခေါ်ယူဆောင်ရွက်သည့်လုပ်ငန်း အပ်နှံမည့်ကိစ္စ၊ ပစ္စည်းဝယ်ယူခြင်းကိစ္စများအတွက် ကြမ်းခင်းဈေးနှုန်းကို စနစ်တကျတွက်ချက်ပြီး တင်ဒါကော်မတီသို့ တင်ပြဆောင်ရွက်ရမည်ဖြစ်ပါသည်။

(၅) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ညွှန်ကြားရေးမှူးချုပ်<br>လျှပ်စစ်ခါတ်အားပို့လွှတ်ရေးနှင့်<br>ကွပ်ကဲရေးဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခခ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ခါတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန | အဖွဲ့ဝင် |
| (ဂဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ခါတ်အားစနစ်ဌာန | အဖွဲ့ဝင် |
| (ဃဃ) | ညွှန်ကြားရေးမှူး (မြို့ပြ)<br>ခါတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန | အဖွဲ့ဝင် |
| (ငင) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>(စီမံ၊ ဘဏ္ဍာ၊ ပစ္စည်း)<br>လျှပ်စစ်ခါတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန | အတွင်းရေးမှူး |
| (စစ) | ညွှန်ကြားရေးမှူး<br>ပစ္စည်းစီမံရေးဌာန | တွဲဖက်အတွင်းရေးမှူး |

(၆) **တာဝန်သတ်မှတ်ချက်။** အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီသည် တင်ဒါခေါ်ယူဆောင်ရွက်သည့် လုပ်ငန်းအပ်နှံမည့်ကိစ္စ၊ ပစ္စည်းဝယ်ယူခြင်းကိစ္စများအတွက် လုပ်ငန်းများဆောင်ရွက်ပြီးစီးပါက သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီခြင်း ရှိ မရှိ စိစစ်လက်ခံရန်နှင့် ပစ္စည်းဝယ်ယူခြင်းအတွက် ကုမ္ပဏီမှ ပေးသွင်းပစ္စည်းများအား သတ်မှတ်ထားသော စာချုပ်ပါ Technical Specification များနှင့် ကိုက်ညီခြင်း ရှိ မရှိ စိစစ်လက်ခံပြီး ဝန်ကြီးဌာနသို့ အစီရင်ခံတင်ပြဆောင်ရွက်ရမည်ဖြစ်ပါသည်။

(ဃ) **ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

(၁) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (ခခ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) | ဒုတိယဥက္ကဋ္ဌ (၂) |
| (ဃဃ) | ညွှန်ကြားရေးမှူး (ဒီဇိုင်း) | အဖွဲ့ဝင် |
| (ငင) | ညွှန်ကြားရေးမှူး (ငွေစာရင်း) | အဖွဲ့ဝင် |
| (စစ) | ညွှန်ကြားရေးမှူး (စီလုပ်/ပစ္စည်း) | အဖွဲ့ဝင် |
| (ဆဆ) | ညွှန်ကြားရေးမှူး (သက်ဆိုင်ရာဌာနခွဲ/တည်ဆောက်ရေး) | အဖွဲ့ဝင် |
| (ဇဇ) | ညွှန်ကြားရေးမှူး (စီလုပ်/ပစ္စည်း) (သက်ဆိုင်ရာဘာသာရပ်အလိုက် ညွှန်ကြားရေးမှူးတစ်ဦးမှ အတွင်းရေးမှူးဖြစ်ပြီး ကျန်ညွှန်ကြားရေးမှူးတစ်ဦးမှာ အဖွဲ့ဝင်ဖြစ်ပါသည်။) | အတွင်းရေးမှူး |

(၂) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) တင်ဒါခေါ်ယူ၍ ဝယ်ယူ သို့မဟုတ် တည်ဆောက်လိုသောပစ္စည်း သို့မဟုတ် လုပ်ငန်း တစ်ခုချင်းအလိုက် ကြမ်းခင်းဈေးနှုန်းကို ယခင်ဝယ်ယူခဲ့ဖူးသည့် ဈေးနှုန်းများ၊ စံနှုန်းများ၊ ဒေသပေါက်ဈေးနှုန်းနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ၊ Inflation Rate နှင့် သယ်ယူပို့ဆောင်ရေးစရိတ်များအပေါ်မူတည်၍ ထည့်သွင်းတွက်ချက်သတ်မှတ်ထားရှိရမည်။

(ခခ) ပစ္စည်းဝယ်ယူရေး/တည်ဆောက်ရေး/ဝန်ဆောင်မှုလုပ်ငန်းအပ်နှံမည့်ပစ္စည်း/တည်ဆောက်ရေး/ဝန်ဆောင်မှုလုပ်ငန်းများအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး တင်ပြရမည်။

(၃) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ညွှန်ကြားရေးမှူးချုပ် | ဥက္ကဋ္ဌ |
| (ခခ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) | ဒုတိယဥက္ကဋ္ဌ (၁) |
| (ဂဂ) | ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) | ဒုတိယဥက္ကဋ္ဌ (၂) |

(ဃဃ) ညွှန်ကြားရေးမှူး (ဒီဇိုင်း) အဖွဲ့ဝင်

( ငင ) ညွှန်ကြားရေးမှူး (ငွေစာရင်း) အဖွဲ့ဝင်

( စစ ) ညွှန်ကြားရေးမှူး (စီလုပ်/ပစ္စည်း) အဖွဲ့ဝင်

(ဆဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်

(သက်ဆိုင်ရာဌာနခွဲ/တည်ဆောက်ရေး)

( ဇဇ ) ညွှန်ကြားရေးမှူး (စီလုပ်/ပစ္စည်း) အတွင်းရေးမှူး

(သက်ဆိုင်ရာဘာသာရပ်အလိုက် ညွှန်ကြားရေးမှူးတစ်ဦးမှ အတွင်းရေးမှူးဖြစ်ပြီး ကျန်ညွှန်ကြားရေးမှူးတစ်ဦးမှာ အဖွဲ့ဝင်ဖြစ်ပါသည်။)

(၄) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

( ခခ ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

( ဂဂ ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(၅) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(ကက) ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌ

( ခခ ) ဒုတိယညွှန်ကြားရေးမှူးချုပ် (၁) ဒုတိယဥက္ကဋ္ဌ (၁)

( ဂဂ ) ဒုတိယညွှန်ကြားရေးမှူးချုပ် (၂) ဒုတိယဥက္ကဋ္ဌ (၂)

(ဃဃ) ညွှန်ကြားရေးမှူး (ဒီဇိုင်း) အဖွဲ့ဝင်

( ငင ) ညွှန်ကြားရေးမှူး (ငွေစာရင်း) အဖွဲ့ဝင်

( စစ ) ညွှန်ကြားရေးမှူး (စီလုပ်/ပစ္စည်း) အဖွဲ့ဝင်

(ဆဆ) ညွှန်ကြားရေးမှူး အဖွဲ့ဝင်
(သက်ဆိုင်ရာဌာနခွဲ/တည်ဆောက်ရေး)

( ဇဇ ) ညွှန်ကြားရေးမှူး (စီလုပ်/ပစ္စည်း) အတွင်းရေးမှူး

(သက်ဆိုင်ရာဘာသာရပ်အလိုက် ညွှန်ကြားရေးမှူးတစ်ဦးမှ အတွင်းရေးမှူးဖြစ်ပြီး ကျန်ညွှန်ကြားရေးမှူးတစ်ဦးမှာ အဖွဲ့ဝင်ဖြစ်ပါသည်။)

(၆) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်း/လုပ်ငန်းများကို စစ်ဆေးစမ်းသပ်ခြင်း၊

( ခခ ) ပစ္စည်း သို့မဟုတ် တည်ဆောက်ရေး သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂဂ) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

(င) **လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**

(၁) **တင်ဒါကော်မတီ**

| | | |
|---|---|---|
| (ကက) | ဒေါက်တာ ဝင်းမြင့်<br>ဦးဆောင်ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခခ) | ဒေါက်တာ ကျော်စွာစိုးနိုင်<br>ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဂဂ) | ဦးငွေအောင်သန်း<br>အထွေထွေမန်နေဂျာ (စီမံ) | အဖွဲ့ဝင် |
| (ဃဃ) | ဒေါ်အေးအေးမွန်<br>အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ငင) | ဦးညီညီထွန်း<br>အင်ဂျင်နီယာချုပ် (ပြည့်ဖြိုးမြဲ) | အဖွဲ့ဝင် |
| (စစ) | ဦးသန်းစိုး<br>အင်ဂျင်နီယာချုပ် (အပူစွမ်းအင်) | အဖွဲ့ဝင် |
| (ဆဆ) | ဦးအောင်သွင်<br>အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |
| (ဇဇ) | ဦးမင်းမင်းဖြိုး<br>ညွှန်ကြားရေးမှူး (ပစ္စည်း) | တွဲဖက်အတွင်းရေးမှူး |

(၂) **တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) ဝယ်ယူရေး၊ ဝန်ဆောင်မှုနှင့် ငွားရမ်းရောင်းချခြင်းများအတွက် နှစ်စဉ်ဘတ်ဂျက်တွင် ပါဝင်စေရန် ကြိုတင်စီစဉ်ခြင်း၊

(ခခ) ဘတ်ဂျက်ခွင့်ပြုမိန့်မရမီ တင်ဒါခေါ်ယူရေးကိစ္စရပ်များကို ဝန်ကြီးဌာနသို့ တင်ပြ ခွင့်ပြုမိန့်တောင်းခံခြင်း၊

(ဂဂ) လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူပေးနိုင်ရေးပြုစုခြင်း၊

(ဃဃ) တင်ဒါခေါ်ယူရန်ဆောင်ရွက်ခြင်း။

(၃) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဒေါက်တာ ဝင်းမြင့်<br>ဦးဆောင်ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |

| | | |
|---|---|---|
| (ခခ) | ဒေါက်တာ ကျော်စွာစိုးနိုင်<br>ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး | အဖွဲ့ဝင် |
| (ဂဂ) | ဦးညီညီထွန်း<br>အင်ဂျင်နီယာချုပ် (ပြည့်ဖြိုးမြဲ) | အဖွဲ့ဝင် |
| (ဃဃ) | ဦးသန်းစိုး<br>အင်ဂျင်နီယာချုပ် (အပူစွမ်းအင်) | အဖွဲ့ဝင် |
| (ငင) | ဦးအောင်သွင်<br>အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |
| (စစ) | ဦးမင်းမင်းဖြိုး<br>ညွှန်ကြားရေးမှူး (ပစ္စည်း) | တွဲဖက်အတွင်းရေးမှူး |

(၄) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) ဘဏ္ဍာရေးနှစ်အလိုက် ဝယ်ယူခဲ့သည့် ဈေးနှုန်းများပြုစုခြင်း၊

(ခခ) ဝန်ကြီးဌာနရှိ အခြားလုပ်ငန်းဌာနများနှင့် ဦးစီးဌာနများက ဝယ်ယူခဲ့သည့် ဈေးနှုန်းများ စုံစမ်းခြင်း၊

(ဂဂ) ပြင်ပပေါက်ဈေးစုံစမ်း၍ မှတ်တမ်းတင်ခြင်း၊

(ဃဃ) Internet မှရရှိသည့် ဈေးနှုန်းများအားပြုစုခြင်း၊

(ငင) ဈေးနှုန်းဖွင့်ရက်မတိုင်မီ ကြမ်းခင်းဈေးသတ်မှတ်ပေးခြင်း။

(၅) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဒေါက်တာ ကျော်စွာစိုးနိုင်<br>ဒုတိယဦးဆောင်ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခခ) | ဦးငွေအောင်သန်း<br>အထွေထွေမန်နေဂျာ (စီမံ) | အဖွဲ့ဝင် |
| (ဂဂ) | ဒေါ်အေးအေးမွန်<br>အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ဃဃ) | ဦးအောင်သွင်<br>အထွေထွေမန်နေဂျာ (ပစ္စည်း) | အဖွဲ့ဝင် |
| (ငင) | ဦးညီညီထွန်း<br>အင်ဂျင်နီယာချုပ် (ပြည့်ဖြိုးမြဲ) | အဖွဲ့ဝင် |

(စစ) ဦးသန်းစိုး အဖွဲ့ဝင်
အင်ဂျင်နီယာချုပ် (အပူစွမ်းအင်)

(ဆဆ) ဦးမင်းမင်းဖြိုး အတွင်းရေးမှူး
ညွှန်ကြားရေးမှူး (ပစ္စည်း)

(ဇဇ) ဦးဇော်မင်းဦး တွဲဖက်အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူး (ပစ္စည်း)

(၆) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) တင်သွင်းလာသည့်ကုမ္ပဏီများ၏ Profile နှင့်အတူ တင်ဒါခေါ်ယူစဉ်က ဌာနသို့ တင်ပြရမည်ဟုဖော်ပြထားသည့် အထောက်အထားစာရွက်စာတမ်းများ စိစစ်လက်ခံခြင်း၊

(ခခ) တင်ဒါအာမခံကြေး (Bid Security) 1 % စိစစ်လက်ခံခြင်း၊

(ဂဂ) တင်သွင်းလာသည့် ဈေးနှုန်းလွှာများအား တင်ဒါဈေးနှုန်းဖွင့်ဖောက်သည့် နေ့ရက်အထိ ကော်မတီဥက္ကဋ္ဌ၏ အာမခံသေတ္တာတွင် သိမ်းဆည်းထားခြင်း၊

(ဃဃ) ကုမ္ပဏီမှ တင်ပြလာသည့်စံချိန်စံညွှန်းများအား ပစ္စည်းဖြည့်တင်းရေးဌာန၊ ပစ္စည်းဝယ်ယူပေးရန် အမှာလွှာပေးပို့သည့်ဌာနတို့မှ ပူးပေါင်းဆောင်ရွက်၍ နှိုင်းယှဉ်ဇယားရေးဆွဲပြီး ကော်မတီတွင် တင်ပြအတည်ပြုချက်ရယူခြင်း၊

(ငင) စံချိန်စံညွှန်းအောင်မြင်ခြင်းမရှိသောကုမ္ပဏီများ၏ တင်ဒါအာမခံကြေး (Bid Security) 1 % နှင့် ဈေးနှုန်းအဆိုပြုလွှာစာအိတ်တို့အား ဈေးနှုန်းဖွင့်ဖောက်သည့်နေ့ရက်တွင် ဖိတ်ကြား၍ ကော်မတီမှ ပြန်လည်ထုတ်ပေးခြင်း၊

(စစ) စံချိန်စံညွှန်းအောင်မြင်သည့် ကုမ္ပဏီများအားခေါ်ယူ၍ ပွင့်လင်းမြင်သာစွာ ဈေးနှုန်းလွှာ ဖွင့်လှစ်ပြသခြင်း၊

(ဆဆ) စံချိန်စံညွှန်းအောင်မြင်သည့် ကုမ္ပဏီများ၏ ဈေးနှုန်းကို မှတ်တမ်းတင်ခြင်း၊

(ဇဇ) အမှတ်ပေးစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက Technical Score နှင့် Finance Score များ မှတ်တမ်းတင်ခြင်း၊

(ဈဈ) အမှတ်ပေးစနစ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပါက Technical Score နှင့် Finance Score များ အရ Overall Score သတ်မှတ်ခြင်း၊

(ညည) ဝန်ကြီးဌာနတင်ဒါစိစစ်ရေးကော်မတီသို့ တင်ပြရန် အမှုတွဲပြင်ဆင်ခြင်းနှင့် တင်ပြခြင်း၊

(ဋဋ) ဝန်ကြီးဌာနတင်ဒါစိစစ်ရေးကော်မတီက စိစစ်အတည်ပြုပြီးပါက စာချုပ် ချုပ်ဆိုနိုင်ရန် သက်ဆိုင်ရာဌာနများသို့ အမှုတွဲလွှဲပြောင်းပေးခြင်း၊

(ဌဌ) ပစ္စည်းဝယ်ယူမည့်ဌာနက တင်ဒါအောင်မြင်သည့်ပစ္စည်းများကို Approval Drawing ပြုလုပ်ပေးခြင်း၊ စာချုပ် ချုပ်ဆိုခြင်း။

(၇) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီအဖွဲ့ (၁)**

| | | |
|---|---|---|
| (ကက) | ဦးအောင်သွင်<br>အထွေထွေမန်နေဂျာ (ပစ္စည်း) | အဖွဲ့ခေါင်းဆောင် |
| ( ခခ ) | ဦးခင်မောင်တင့်<br>ဒုတိယအင်ဂျင်နီယာချုပ် (ပြည့်ဖြိုးမြဲ) | အဖွဲ့ဝင် |
| ( ဂဂ ) | ဦးမင်းလွင်သိန်း<br>အင်ဂျင်နီယာမှူးကြီး (ပြည့်ဖြိုးမြဲ) | အဖွဲ့ဝင် |
| (ဃဃ) | ဦးနန်းဝင်း<br>အင်ဂျင်နီယာမှူး (ပြည့်ဖြိုးမြဲ) | အဖွဲ့ဝင် |

(၈) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီအဖွဲ့ (၂)**

| | | |
|---|---|---|
| (ကက) | ဦးအောင်သွင်<br>အထွေထွေမန်နေဂျာ (ပစ္စည်း) | အဖွဲ့ခေါင်းဆောင် |
| ( ခခ ) | ဒေါက်တာ ချမ်းငြိမ်းအောင်သန်း<br>ဒုတိယအင်ဂျင်နီယာချုပ် (အပူစွမ်းအင်) | အဖွဲ့ဝင် |
| ( ဂဂ ) | ဒေါ်ဆွေဆွေနိုင်<br>အင်ဂျင်နီယာမှူးကြီး (အပူစွမ်းအင်) | အဖွဲ့ဝင် |
| (ဃဃ) | ဦးချစ်မင်းဦး<br>အင်ဂျင်နီယာမှူး (အပူစွမ်းအင်) | အဖွဲ့ဝင် |

(၉) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) သတ်မှတ်ရက်အတွင်း ပေးသွင်းလာသည့်ပစ္စည်းများအား ပစ္စည်းဖြည့်တင်းရေးဌာနမှ ယာယီကြိုတင်လက်ခံထားရှိခြင်း၊

( ခခ ) ပစ္စည်းယာယီလက်ခံရရှိပြီး တစ်ပတ်အတွင်း ပစ္စည်းအရည်အသွေးစစ်ဆေးခြင်း၊

( ဂဂ ) ပေးသွင်းလာသည့်ပစ္စည်းများသည် စာချုပ်ပါအချက်အလက်နှင့်ကိုက်ညီပါက ဌာနအကြီးအကဲထံ ထောက်ခံတင်ပြခြင်း၊

(ဃဃ) ပေးသွင်းလာသည့်ပစ္စည်းသည် အရည်အသွေးကိုက်ညီမှုမရှိပါက စာချုပ်ပါအတိုင်း ပြန်လည်ပေးသွင်းစေခြင်း၊

( ငင ) သတ်မှတ်ချက်စာချုပ်ပါအတိုင်းပေးသွင်းပါက ငွေပေးချေရန် သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးခြင်း။

( စ ) **လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

(၁) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | သက်ဆိုင်ရာဌာနကြီးမှူး<br>(ပစ္စည်း၊ ဓာတ်ဖြန့်၊ ထောက်ကူ) | ဥက္ကဋ္ဌ |
| ( ခခ ) | အထွေထွေမန်နေဂျာ (စီမံ) | အဖွဲ့ဝင် |

(ဂဂ) အထွေထွေမန်နေဂျာ (ဘဏ္ဍာ) အဖွဲ့ဝင်

(ဃဃ) အင်ဂျင်နီယာချုပ် (ဓာတ်ဖြန့်) အဖွဲ့ဝင်

(ငင) အင်ဂျင်နီယာချုပ် (ထောက်ကူ) အဖွဲ့ဝင်

(စစ) အထွေထွေမန်နေဂျာ (ပစ္စည်း) အတွင်းရေးမှူး

မှတ်ချက်။ အထွေထွေမန်နေဂျာ (ပစ္စည်း) မှ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရပါက အင်ဂျင်နီယာချုပ် (ဓာတ်ဖြန့်) မှ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(၂) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ တာဝန်နှင့် ဝတ္တရားများ**

(ကက) တင်ဒါခေါ်ယူ၍ ဝယ်ယူ သို့မဟုတ် တည်ဆောက်လိုသောပစ္စည်း သို့မဟုတ် လုပ်ငန်းတစ်ခုချင်းအလိုက် ကြမ်းခင်းဈေးနှုန်းကို ယခင်ဝယ်ယူခဲ့ဖူးသည့် ဈေးနှုန်းများ၊ စံနှုန်းများ၊ ဒေသပေါက်ဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်းများ၊ Inflation Rate နှင့် သယ်ယူပို့ဆောင်ရေးစရိတ်များအပေါ်မူတည်၍ ထည့်သွင်းတွက်ချက် သတ်မှတ်ထားရှိရမည်။

(ခခ) အထက်အပိုဒ် (ကက) ပါ ကြမ်းခင်းဈေးသည် ဝယ်ယူသည့်ဌာန၊ လုပ်ငန်းအပ်နှံသည့်ဌာနအတွက်နှင့် ရောင်းချသည့်ကုမ္ပဏီ၊ တည်ဆောက်သည့် ကုမ္ပဏီအဖွဲ့အစည်းများအတွက်ပါ နှစ်ဦးနှစ်ဖက်အကျိုးကိုက်ညီသည့် ဈေးနှုန်းဖြစ်ရမည်။ ကြမ်းခင်းဈေးနှုန်းသတ်မှတ်ပြီးပါက ကော်မတီ၏ အတည်ပြုသဘောတူညီချက်ရယူသော အစည်းအဝေးပြုလုပ်ရမည်ဖြစ်ပြီး **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ဥက္ကဋ္ဌသို့ ဖိတ်ကြားရမည် သို့မဟုတ် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** အဖွဲ့ဝင်အားလုံး၏ အတည်ပြုသဘောတူညီမှုရယူပြီးနောက် **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ဥက္ကဋ္ဌသို့တင်ပြ၍ ထပ်ဆင့်အတည်ပြုချက်ရယူဆောင်ရွက်သွားရမည်။

(ဂဂ) အထက်အပိုဒ် (ကက) ပါ တွက်ချက်ထားသော ကြမ်းခင်းဈေးနှုန်းအပေါ်မူတည်၍ ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်းတို့အတွက် သင့်လျော်သည့်အမြင့်ဆုံးကြမ်းခင်းဈေးနှုန်း (Ceiling Price) ကို ဌာနမှသတ်မှတ်ကျင့်သုံးသောစည်းကမ်းချက်နှင့်အညီ **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ထံ တင်ပြရမည်။

မှတ်ချက်။ ကော်မတီ၏ တာဝန်နှင့် ဝတ္တရားများကို လိုအပ်ပါက ပြန်လည်ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါသည်။

(၃) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(ကက) သက်ဆိုင်ရာဌာနကြီးမှူး (ပစ္စည်း၊ ဓာတ်ဖြန့်၊ ထောက်ကူ) ဥက္ကဋ္ဌ

(ခခ) အထွေထွေမန်နေဂျာ (ဘဏ္ဍာ) အဖွဲ့ဝင်

(ဂဂ) အင်ဂျင်နီယာချုပ် (ဓာတ်ဖြန့်) အဖွဲ့ဝင်

(ဃဃ) အင်ဂျင်နီယာချုပ် (ထောက်ကူ) အဖွဲ့ဝင်

( ငင ) ညွှန်ကြားရေးမှူး (ပစ္စည်း) အဖွဲ့ဝင်

( စစ ) သက်ဆိုင်ရာဌာန၏ ဒုတိယအင်ဂျင်နီယာချုပ် [ဓာတ်ဖြန့် (Spec:) သို့မဟုတ် ထောက်ကူ] အဖွဲ့ဝင်

(ဆဆ) သက်ဆိုင်ရာဌာန၏ အင်ဂျင်နီယာမှူးကြီး [ဓာတ်ဖြန့် (Spec:) သို့မဟုတ် ထောက်ကူ] အဖွဲ့ဝင်

( ဇဇ ) အထွေထွေမန်နေဂျာ (ပစ္စည်း) အတွင်းရေးမှူး

မှတ်ချက်။ အထွေထွေမန်နေဂျာ (ပစ္စည်း) မှ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရပါက အင်ဂျင်နီယာချုပ် (ဓာတ်/ဖြန့်) မှ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်သွားရန်နှင့် ဒုတိယအင်ဂျင်နီယာချုပ် [ဓာတ်ဖြန့် (Spec:)] နှင့် အင်ဂျင်နီယာမှူးကြီး [ဓာတ်ဖြန့် (Spec:)] မှ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်သွားရန်ဖြစ်ပါသည်။

(၄) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ တာဝန်နှင့် ဝတ္တရားများ**

(ကက) မိမိဌာနအလိုက် ဝယ်ယူ သို့မဟုတ် တည်ဆောက်လိုသည့် ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်သက်ဆိုင်သည့် Detailed Technical Specification များကို ကြိုတင် ပြုစု၍ အတည်ပြုချက်ရယူထားရမည်။

( ခခ ) အတည်ပြုပြီးသော Technical Specification များကို **တင်ဒါခေါ်ယူရေးလုပ်ငန်း ကော်မတီ** အတွင်းရေးမှူးထံသို့ တင်ဒါများခေါ်ယူနိုင်ရန် ကြိုတင်ပေးပို့ထားရှိရမည်။

( ဂဂ ) တင်ဒါတင်သွင်းသူများထံမှ ပေးပို့လာသည့် တင်သွင်းလွှာများအနက်မှ Detailed Technical Specification များ၊ Company Profile Data များ၊ Commercial Data စာရွက်စာတမ်းများ၊ ကုမ္ပဏီ၏ Legal Financial Position စာရွက်စာတမ်းများကို **ပစ္စည်းစီမံရေးဌာန** မှ လွှဲပြောင်းပေးပို့လာပါက ဌာနအလိုက် တင်ဒါခေါ်ယူစဉ် သတ်မှတ်ပေးခဲ့သည့် Specification များ၊ အကဲဖြတ်ဇယားပုံစံများနှင့် ကိုက်ညီမှု ရှိ မရှိ၊ လက်ခံနိုင်မှု ရှိ မရှိ တို့အား တိုက်ဆိုင်စစ်ဆေး၍ အမှတ်ပေးရမည်။ Pass (or) Fail စနစ်ကျင့်သုံးပြီး စိစစ်အကဲဖြတ်တင်ပြပေးရမည်။

(ဃဃ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ဥက္ကဋ္ဌထံသို့ အတည်ပြုချက်ရယူရမည်။ **တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** က အစည်းအဝေးကျင်းပသည့်အခါ ဌာန အလိုက် တာဝန်ခံရှင်းလင်းနိုင်သည့် အဖွဲ့ဝင်တစ်ဦး လိုက်ပါတက်ရောက်ရမည်။

( ငင ) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း။ (ဥပမာ Test in Lab; & Bench-mark Test)

( စစ ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား တင်ဒါခေါ်ယူစဉ်က သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊ စမ်းသပ်ခြင်း၊ မှတ်ချက်ပေးခြင်း။

(ဆဆ) ဝယ်ယူမည့်ဌာနအဖွဲ့အစည်းကိုယ်စား ပို့လာသည့်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

(ဇဇ) တင်သွင်းလာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား လက်ခံပါက လက်ခံ စာရွက်စာတမ်းများထုတ်ပေးခြင်း။

မှတ်ချက်။ ကော်မတီ၏ တာဝန်နှင့် ဝတ္တရားများကိုလိုအပ်ပါက ပြန်လည်ပြင်ဆင်သတ်မှတ် သွားမည်ဖြစ်ပါသည်။

(၅) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဦးဆောင်ညွှန်ကြားရေးမှူး | ဥက္ကဋ္ဌ |
| (ခခ) | အထွေထွေမန်နေဂျာ (စီမံ) | အဖွဲ့ဝင် |
| (ဂဂ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ဃဃ) | အင်ဂျင်နီယာချုပ် (ဓာတ်ဖြန့်) | အဖွဲ့ဝင် |
| (ငင) | အင်ဂျင်နီယာချုပ် (ထောက်ကူ) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |
| (ဆဆ) | ညွှန်ကြားရေးမှူး (ပစ္စည်း) | တွဲဖက်အတွင်းရေးမှူး |

(၆) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ တာဝန်နှင့် ဝတ္တရားများ**

(ကက) သက်ဆိုင်ရာအင်ဂျင်နီယာချုပ်များနှင့် အထွေထွေမန်နေဂျာရုံးများမှ တင်ပြလာသော တင်ဒါခေါ်ဆိုလိုသူများအား အတည်ပြုချက်ပေးရမည်။

(ခခ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** မှ စိစစ်တွက်ချက်ပေးထားသော ကြမ်းခင်း ဈေးနှုန်း၊ အမြင့်ဆုံးကြမ်းခင်းဈေးနှုန်းနှင့် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းများကို အတည်ပြုသတ်မှတ်ပေးရမည်။

(ဂဂ) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ** မှ ပြုစုတင်ပြလာသော ဝယ်ယူမည့်ပစ္စည်းများ၏ Detailed Technical Specification များကို အတည်ပြု သတ်မှတ်ပေးရမည်။

(ဃဃ) **ပစ္စည်းစီမံရေးဌာန** မှ ဖိတ်ကြားလာသည့် တင်ဒါပိတ်မည့်အချိန်တွင် မပျက်မကွက် စုံညီစွာတက်ရောက်ပေးရမည်။ အရေးကြီးကိစ္စတစ်စုံတစ်ရာရှိပါက မိမိဌာနမှ ဒုတိယတာဝန်ရှိသူအား ကိုယ်စားစေလွှတ်၍ တက်ရောက်စေရမည်။

(ငင) ဝန်ကြီးဌာန **တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** မှ အမှတ်ပေးဇယားများအား စိစစ်အတည်ပြုနိုင်ရေးအတွက် လိုအပ်သည့်စာရွက်စာတမ်း၊ ဇယားနှင့် အချက် အလက်များကို **တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** အတွင်းရေးမှူးမှတစ်ဆင့် စိစစ်တင်ပြရမည်။

(စစ) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် ဈေးနှုန်းလွှာဖွင့်ဖောက်မှု၊ အထောက်အထား အချက်အလက်များ ပါဝင်မှုစစ်ဆေးခြင်း၊ မှတ်တမ်းတင်ခြင်းနှင့် အသိပေးကြေညာခြင်းတို့ကို ကြီးကြပ်ပေးရမည်။

(ဆဆ) တင်ဒါများကို စိစစ်အကဲဖြတ်ရာတွင် Technical အမှတ်ပေးခြင်း သို့မဟုတ် အောင်/ရှုံးသတ်မှတ်ခြင်း၊ Company Profile အမှတ်ပေးခြင်း သို့မဟုတ် အောင်/ရှုံးသတ်မှတ်ခြင်း၊ ငွေကြေးအမှတ်ပေးခြင်း သို့မဟုတ် အောင်/ရှုံးသတ်မှတ်ခြင်းနှင့် စုစုပေါင်းအမှတ်ပေးခြင်းအပါအဝင် တင်ဒါအောင်သူအဖြစ် အကြမ်းဖျင်းသတ်မှတ်ခြင်းတို့အား အတည်ပြုခြင်းနှင့် လက်မှတ်ရေးထိုးခြင်းများ ပြုလုပ်ရမည်။

(ဇဇ) **တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** သို့ ဆက်လက်တင်ပြနိုင်ရေးအတွက် စာရွက်စာတမ်း၊ အထောက်အထားများကို ပြုစုတည်ဆောက်ရမည်။

(ဈဈ) **တင်ဒါစိစစ်အတည်ပြုရေးကော်မတီ** မှ အတည်ပြုသတ်မှတ်ပြီးပါက ဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီသို့ ဆက်လက်တင်ပြနိုင်ရေးဆောင်ရွက်ရမည်။

မှတ်ချက်။ ကော်မတီ၏ တာဝန်နှင့် ဝတ္တရားများကို လိုအပ်ပါက ပြန်လည်ပြင်ဆင်သတ်မှတ်သွားမည်ဖြစ်ပါသည်။

(ဆ) **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

(၁) **တင်ဒါကော်မတီ**

| | | |
|---|---|---|
| (ကက) | ဥက္ကဋ္ဌ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ဥက္ကဋ္ဌ |
| (ခခ) | ဒါရိုက်တာအဖွဲ့ဝင် (၂) | အဖွဲ့ဝင် |
| (ဂဂ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| (ငင) | အထွေထွေမန်နေဂျာ (ပစ္စည်းစီမံရေး) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (အင်/ယာ) (စီမံရေး) | အဖွဲ့ဝင် |
| (ဆဆ) | အထွေထွေမန်နေဂျာ (အင်/ယာ) (ဓာတ်/ဖြန့်) | အဖွဲ့ဝင် |
| (ဇဇ) | အမှုဆောင်အရာရှိချုပ် | အတွင်းရေးမှူး |

(၂) **တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှဆောင်ရွက်မည့် ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ခခ) ပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ၊ တင်ဒါအောင်မြင်ပါက စာချုပ်ပုံစံများ သတ်မှတ်ခြင်း၊

(ဂဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဃဃ) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများသတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(ငင) တင်ဒါခေါ်ယူသည့်တည်ဆောက်ခြင်းလုပ်ငန်းအတွက် အရည်အသွေးစံချိန်စံညွှန်း သတ်မှတ်ခြင်းနှင့် အမှတ်ပေးပုံစံများသတ်မှတ်ထုတ်ပြန်ခြင်း၊

(စစ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုချက်စာချုပ်ပါအချက်များ အကဲဖြတ်မှုစံချိန်စံညွှန်း များနှင့် ငွေရေးကြေးရေးအချက်အလက်များသတ်မှတ်ခြင်း၊

(ဆဆ) တင်ဒါတင်သွင်းရမည့်နေ့ရက်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်နေ့ရက်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်း၊

(ဇဇ) တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၊ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဈဈ) တင်ဒါတင်သွင်းသူများ၏ တင်သွင်းဈေးနှုန်းများကို နှိုင်းယှဉ်ချက်ဇယားဖြင့် ဝန်ကြီးဌာနတင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး တင်ဒါအောင်မြင်သူအား ထုတ်ပြန်ကြေညာခြင်း၊

(ညည) တင်ဒါအောင်မြင်မှုမရှိသူများအား တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်း၊ တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး (Performance Guarantee) တောင်းခံခြင်း၊

(ဋဋ) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဌဌ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း၊

(ဍဍ) တင်ဒါအောင်မြင်သည့်ကုမ္ပဏီက စာချုပ်ပါသတ်မှတ်ကာလအတွင်း ဆောင်ရွက်နိုင်မှု မရှိခြင်း၊ ပျက်ကွက်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းဖြစ်ပေါ်ပါက စာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ အရေးယူခြင်း သို့မဟုတ် ပြန်လည်ညှိနှိုင်းဆွေးနွေးခြင်း၊

(ဎဎ) တည်ဆောက်ရေးလုပ်ငန်းများအတွက် လုပ်ငန်းတစ်ခုလုံး သတ်မှတ်ကာလအတွင်း ပြီးမြောက်ရေးအတွက် တာဝန်ယူကြီးကြပ်ဆောင်ရွက်ခြင်း။

(၃) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဒါရိုက်တာအဖွဲ့ဝင် (၂) | ဥက္ကဋ္ဌ |
| (ခခ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| (ဂဂ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (ပစ္စည်းစီမံရေး) | အဖွဲ့ဝင် |

| | | |
|---|---|---|
| ( င င ) | အထွေထွေမန်နေဂျာ (အင်/ယာ) (ခုတ်/ဖြန့်) | အဖွဲ့ဝင် |
| ( စ စ ) | ဒုတိယအထွေထွေမန်နေဂျာ (မြို့ပြ) | အဖွဲ့ဝင် |
| (ဆဆ) | အထွေထွေမန်နေဂျာ (အင်/ယာ) (စီမံရေး) | အဖွဲ့ဝင် |
| ( ဇ ဇ ) | အမှုဆောင်အရာရှိချုပ် | အတွင်းရေးမှူး |

(၄) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ။** "ကြမ်းခင်းဈေးတွက်ချက်ရေး ကော်မတီ" သည် ငွားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်းအတွက် ကြမ်းခင်းဈေးနှုန်းကို တွက်ချက်ပြီး တင်ဒါကော်မတီသို့ တင်ပြရမည်။

(၅) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | ဥက္ကဋ္ဌ | ဥက္ကဋ္ဌ |
| ( ခ ခ ) | ဒါရိုက်တာအဖွဲ့ဝင် (၂) | အဖွဲ့ဝင် |
| ( ဂ ဂ ) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| ( င င ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| ( စ စ ) | အထွေထွေမန်နေဂျာ (အင်/ယာ) (စီမံရေး) | အဖွဲ့ဝင် |
| (ဆဆ) | အထွေထွေမန်နေဂျာ (အင်/ယာ) (ခုတ်/ဖြန့်) | အဖွဲ့ဝင် |
| ( ဇ ဇ ) | အထွေထွေမန်နေဂျာ (ပစ္စည်းစီမံရေး) | အတွင်းရေးမှူး |

(၆) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

( ခ ခ ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

( ဂ ဂ ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(၇) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | အမှုဆောင်အရာရှိချုပ် | ဥက္ကဋ္ဌ |
| ( ခ ခ ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာရေး) | အဖွဲ့ဝင် |
| ( ဂ ဂ ) | အထွေထွေမန်နေဂျာ (အင်/ယာ) (စီမံရေး) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (အင်/ယာ) (ခုတ်/ဖြန့်) | အဖွဲ့ဝင် |
| ( င င ) | ဒုတိယအထွေထွေမန်နေဂျာ (အင်/ယာ) (စီမံရေး) | အဖွဲ့ဝင် |
| ( စ စ ) | ဒုတိယအထွေထွေမန်နေဂျာ (အင်/ယာ) (ခုတ်/ဖြန့်) | အဖွဲ့ဝင် |
| (ဆဆ) | အထွေထွေမန်နေဂျာ (ပစ္စည်းစီမံရေး) | အတွင်းရေးမှူး |

(၈) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များ**

(ကက) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခခ) ပစ္စည်းသို့မဟုတ် ဝန်ဆောင်မှုအားစာချုပ်တွင်သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂဂ) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

(ဇ) **မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

(၁) **တင်ဒါကော်မတီ**

| | | |
|---|---|---|
| (ကက) | ဥက္ကဋ္ဌ၊ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း | ဥက္ကဋ္ဌ |
| (ခခ) | ဒါရိုက်တာအဖွဲ့ဝင် (၁) | အဖွဲ့ဝင် |
| (ဂဂ) | ဒါရိုက်တာအဖွဲ့ဝင် (၂) | အဖွဲ့ဝင် |
| (ဃဃ) | အမှုဆောင်အရာရှိချုပ် | အဖွဲ့ဝင် |
| (ငင) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ဆဆ) | အထွေထွေမန်နေဂျာ (အင်/ယာ-စီမံရေး) | အဖွဲ့ဝင် |
| (ဇဇ) | အထွေထွေမန်နေဂျာ (အင်/ယာ-ဓာတ်ဖြန့်) | အဖွဲ့ဝင် |
| (ဈဈ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |

(၂) **တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများ**

(ကက) ဆောင်ရွက်မည့်စီမံကိန်း၊ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ အကြံပေးဝန်ဆောင်မှု ရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေ ခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊

(ခခ) တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းတို့အတွက် လိုအပ်သည့်တင်ဒါပုံစံများ စာချုပ်ပုံစံများသတ်မှတ်ခြင်း၊

(ဂဂ) ဝယ်ယူမည့်ပစ္စည်းများအတွက် အရည်အသွေးစံချိန်စံညွှန်းသတ်မှတ်ခြင်း၊

(ဃဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကြေနက်ထရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန် စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကန်ထရိုက်ဆိုင်ရာ အချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ ပစ္စည်းပေးသွင်းမှုအစီအစဉ်၊ အခွန် စသည်များ) သတ်မှတ်ခြင်း၊

(ငင) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့် နည်းလမ်းများသတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း၊

(စစ) တင်ဒါတင်သွင်းရမည့်အချိန်နှင့် နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့်အချိန်၊ နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက်သတ်မှတ်ခြင်း၊

(ဆဆ) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို တာဝန်ပေးအပ်ခြင်း၊

(ဇဇ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေးပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေးတောင်းခံခြင်း၊

(ဈဈ) တင်ဒါအောင်မြင်သူအား ကြေညာခြင်း၊

(ညည) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများ လက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း၊

(ဋဋ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်း သတ်မှတ်ခြင်း။

(၃) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | အမှုဆောင်အရာရှိချုပ် | ဥက္ကဋ္ဌ |
| (ခခ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |
| (ဂဂ) | အထွေထွေမန်နေဂျာ (ဘဏ္ဍာ) | အဖွဲ့ဝင် |
| (ဃဃ) | အထွေထွေမန်နေဂျာ (အင်/ယာ-စီမံရေး) | အဖွဲ့ဝင် |
| (ငင) | အထွေထွေမန်နေဂျာ (အင်/ယာ-ဓာတ်ဖြန့်) | အဖွဲ့ဝင် |
| (စစ) | အထွေထွေမန်နေဂျာ (ပစ္စည်း) | အတွင်းရေးမှူး |

(၄) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများ**

(ကက) **တင်ဒါကော်မတီ** သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်း၏ ဈေးကွက် အခြေအနေကို နားလည်တတ်ကျွမ်းသည့် သက်ဆိုင်ရာဦးစီးဌာနများမှ ကိုယ်စားလှယ် အနည်းဆုံး (၃) ဦးပါဝင်သည့် **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** အား ဖွဲ့စည်း တာဝန်ပေးအပ်ရမည်။

(ခခ) **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ** သည် ငှားရမ်းရောင်းချမည့် နိုင်ငံပိုင်ပစ္စည်း အတွက် ကြမ်းခင်းဈေးနှုန်းကိုတွက်ချက်ပြီး **တင်ဒါကော်မတီ** သို့ တင်ပြရမည်။

(၅) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

| | | |
|---|---|---|
| (ကက) | အမှုဆောင်အရာရှိချုပ် | ဥက္ကဋ္ဌ |
| (ခခ) | အထွေထွေမန်နေဂျာ (စီမံခန့်ခွဲရေး) | အဖွဲ့ဝင် |

(ဂဂ) အထွေထွေမန်နေဂျာ (ဘဏ္ဍာ) အဖွဲ့ဝင်

(ဃဃ) အထွေထွေမန်နေဂျာ (အင်/ယာ-စီမံရေး) အဖွဲ့ဝင်

(ငင) အထွေထွေမန်နေဂျာ (အင်/ယာ-ဓာတ်ဖြန့်) အဖွဲ့ဝင်

(စစ) အထွေထွေမန်နေဂျာ (ပစ္စည်း) အတွင်းရေးမှူး

(၆) **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများ**

(ကက) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်ခြင်း၊

(ခခ) တင်ဒါများကို စိစစ်အကဲဖြတ်ခြင်း၊

(ဂဂ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်ခြင်း။

(၇) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

(ကက) အမှုဆောင်အရာရှိချုပ် ဥက္ကဋ္ဌ

(ခခ) အထွေထွေမန်နေဂျာ (ပစ္စည်း) အဖွဲ့ဝင်

(ဂဂ) အထွေထွေမန်နေဂျာ (အင်/ယာ-ဓာတ်ဖြန့်) အဖွဲ့ဝင်

(ဃဃ) ဒု-အထွေထွေမန်နေဂျာ (ပစ္စည်း) အဖွဲ့ဝင်

(ငင) ဒု-အထွေထွေမန်နေဂျာ (အင်/ယာ-စီမံရေး) အဖွဲ့ဝင်

(စစ) ဒု-အထွေထွေမန်နေဂျာ (အင်/ယာ-ဓာတ်ဖြန့်) အဖွဲ့ဝင်

(ဆဆ) အထွေထွေမန်နေဂျာ (အင်/ယာ-စီမံရေး) အတွင်းရေးမှူး

(၈) **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်ဝတ္တရားများ**

(ကက) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ခြင်း၊

(ခခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့် အချက်များ၊ စံချိန်စံညွှန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း၊

(ဂဂ) ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူမည့် ဌာနအဖွဲ့အစည်း ကိုယ်စား လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးခြင်း။

ဉာဏ်ထွန်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အလုပ်သမားဝန်ကြီးဌာန**

**လူမှုဖူလုံရေးအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၁၀၄/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၆ ရက်)

**ငလျင်ဘေးသင့်သည့် အာမခံထားသူများအား သဘာဝဘေးအန္တရာယ် ကြုံတွေ့ရမှုအတွက် ထောက်ပံ့ငွေခံစားခွင့်ပြုခြင်း**

လူမှုဖူလုံရေးအဖွဲ့သည် ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၁၀၃ (ခ) အရ အပ်နှင်းသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်ဖြစ်ပေါ်ခဲ့သော ငလျင်ဘေးခံစားရသည့် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့်ရှမ်းပြည်နယ်အတွင်းရှိငလျင်ဘေးကျရောက်သည့်ဒေသများရှိအာမခံအလုပ်သမားများအား သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့်ကို အာမခံအလုပ်သမား ပေးသွင်းသည့် လုပ်ခလစာဝင်ငွေ၏ ၄၀ % နှင့်ညီမျှသော ငွေပမာဏအားသတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုထုတ်ပေးမည်ဖြစ်ပါသည်။ အာမခံအလုပ်သမားများ ထည့်ဝင်ကြေးပေးသွင်းသည့် တစ်လလုပ်ခဝင်ငွေအရ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀% ကို အောက်ပါအတိုင်း ရရှိခံစားနိုင်မည်ဖြစ်သည်-

(က) ကျပ် ၁၄၄,၀၀၀ လုပ်ခဝင်ငွေအတွက် ၄၀% ထောက်ပံ့ငွေ ကျပ် ၅၇,၆၀၀

(ခ) ကျပ် ၁၈၀,၀၀၀ လုပ်ခဝင်ငွေအတွက် ၄၀% ထောက်ပံ့ငွေ ကျပ် ၇၂,၀၀၀

(ဂ) ကျပ် ၁၉၈,၀၀၀ လုပ်ခဝင်ငွေအတွက် ၄၀% ထောက်ပံ့ငွေ ကျပ် ၇၉,၂၀၀

(ဃ) ကျပ် ၂၁၆,၀၀၀ လုပ်ခဝင်ငွေအတွက် ၄၀% ထောက်ပံ့ငွေ ကျပ် ၈၆,၄၀၀

(င) ကျပ် ၂၃၄,၀၀၀ လုပ်ခဝင်ငွေအတွက် ၄၀% ထောက်ပံ့ငွေ ကျပ် ၉၃,၆၀၀

(စ) ကျပ် ၂၇၅,၀၀၀ လုပ်ခဝင်ငွေအတွက် ၄၀% ထောက်ပံ့ငွေ ကျပ် ၁၁၀,၀၀၀

(ဆ) ကျပ် ၃၀၀,၀၀၀ လုပ်ခဝင်ငွေအတွက် ၄၀% ထောက်ပံ့ငွေ ကျပ် ၁၂၀,၀၀၀

၂။ အပိုဒ် (၁) ပါ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ငလျင်ဘေးဒဏ်ခံစားခဲ့ရသည့် အာမခံထားသူများ အနေဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်မှုဆိုင်ရာ မိသားစုထောက်ပံ့မှု အကျိုးခံစားခွင့် ၄၀ % ကို အဆိုပါဘေးအန္တရာယ်ကျရောက်ပြီး (၃) လအတွင်း အလုပ်ရှင်မှတစ်ဆင့် နည်းဥပဒေ ၁၃၇ တွင် သတ်မှတ်ထားသော (ပုံစံ-၂၅/၂၆) နှင့်အတူ လိုအပ်သော အထောက်အထားများဖြင့် သက်ဆိုင်ရာမြို့နယ် လူမှုဖူလုံရေးရုံးသို့ လျှောက်ထားရမည်။

၃။ ဤအမိန့်ကြော်ငြာစာသည် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၈ ရက်)

အမှတ် ၁၇၅။ ကျန်းမာရေးဝန်ကြီးဌာန၏ ၁၃-၄-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၅/၃၀၇၅၃ အရ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ် (ရန်ကုန်)၊ သွားတုဆေးပညာဌာနမှ တွဲဖက်ပါမောက္ခ ဒေါက်တာ မြတ်လေးကို (သခ-၇၅၃) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၀-၆-၂၀၂၅ ရက်နေ့နံနက်ပိုင်းမှစ၍ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၁၀-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၁၇၆။ ကျန်းမာရေးဝန်ကြီးဌာန၏ ၁၃-၄-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၅/ ၃၀၇၅၄ အရ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ကလေးကျန်းမာပညာဌာနမှ ပါမောက္ခ ဒေါက်တာ မေလွင် (ဆမ-၁၁၉၁၈) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၃၀-၆-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၃၀-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

အမှတ် ၁၇၇။ ကျန်းမာရေးဝန်ကြီးဌာန၏ ၂၀-၄-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၄မက (ခ) ၂၀၂၅/ ၃၀၇၉၈ အရ ဆေးတက္ကသိုလ် (၁) ရန်ကုန်၊ ရင်ခေါင်းရောဂါဆေးပညာဌာနမှ ပါမောက္ခ ဒေါက်တာ တိုးစန္ဒာ (ဆမ-၁၁၃၄၇) အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၆-၆-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ ခံစားခွင့်ပြုပြီး ယင်းခွင့်ရက်များကုန်ဆုံးသည့် ၆-၁၀-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ပုဒ်မခွဲ (က) နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

**(ဝန်ကြီးရုံး)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်)

အမှတ် ၁၇၈။ ၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်နေ့တွင်ကျင်းပပြုလုပ်သော ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ် (၈/၂၀၂၅) ၏ ဆုံးဖြတ်ချက်အရ ကျန်းမာရေး

ဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ လက်ထောက်အတွင်းဝန်/ ညွှန်ကြားရေးမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ ကျော်ဇင် (ဆမ-၁၅၂၉၄) အား လက်ရှိရာထူးလစာဖြင့် ပြည်သူ့ကျန်းမာရေးဦးစီး ဌာနသို့ လွှဲပြောင်းပေးလိုက်သည်။

ဒေါက်တာ သက်ခိုင်ဝင်း

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဆောက်လုပ်ရေးဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၁၉/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် အမှတ် (၁) တပ်မတော်ဆေးရုံ (ခုတင်-၅၀၀) သို့ တွဲဖက် ထားသော အရန်အင်အားစာရင်းမှ ပြန်တမ်းဝင်အမှတ် ကြည်း ၅၉၇၈၀ ဗိုလ်ကြီး သက်နိုင်ထွန်း အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (စီမံ)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထား လိုက်သည်။

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၂၀/၂၀၂၅)

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၂၅ ခုနှစ်၊ မေလ ၅ ရက်စွဲပါ စာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၂၅ ဖြင့် အမှတ် (၉) ခြေလျင်တပ်ရင်းမှ ပြန်တမ်းဝင်အမှတ် ကြည်း ၆၃၂၈၈ ဗိုလ်ကြီး ပြုံးမောင်မောင် အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အဆောက်အဦဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိ (စက်မှု)၊ လစာနှုန်း (၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀) ရာထူးနေရာသို့ စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ ခန့်ထားလိုက်သည်။

မျိုးသန့်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ဆောက်လုပ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၃၀/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၆ ရက်)

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးဇော်ထွန်း သည် ၂၀၂၅-၂၀၂၆ လေ့ကျင့်ရေးနှစ်အတွင်းဖွင့်လှစ်သည့် နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်သင်တန်းအမှတ်စဉ် (၂၄) သို့ သင်တန်းတက်ရောက်ရမည်ဖြစ်ပါသဖြင့် သင်တန်းကာလပြီးဆုံးသည်အထိ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမင်းသူရအောင် အား မူလတာဝန် ဝတ္တရားများအပြင် ဒုတိယအမြဲတမ်းအတွင်းဝန်၏ တာဝန်ဝတ္တရားများကိုပါ ပူးတွဲတာဝန်ထမ်းဆောင် စေလိုက်သည်။

ခွန်သန့်ဇော်ထူး

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

## အမိန့်ကြော်ငြာစာအမှတ် (၂၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်)

၁။ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင်လှုပ်ခတ်ခဲ့သော ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံးအမှတ် (၁၇)၊ နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) နှင့် နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) တို့ရှိ ရုံးအဆောက်အဦများနှင့် ရုံးပိုင်ပစ္စည်းများအား ပြန်လည်အသုံးပြုနိုင်၊ အသုံးမပြုနိုင်စစ်ဆေးပြီး စနစ်တကျသိမ်းဆည်းထိန်းသိမ်းနိုင်ရန်အတွက် **မြေငလျင်ဒဏ်ကြောင့် ပျက်စီး ဆုံးရှုံးခဲ့သည့် ရုံးအဆောက်အဦများ၊ ရုံးပိုင်ပစ္စည်းများ စစ်ဆေးရေးနှင့် စနစ်တကျထိန်းသိမ်းရေးအဖွဲ့** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးအောင်တင်စိုး၊ အမြဲတမ်းအတွင်းဝန် ဥက္ကဋ္ဌ
ပြည်ထောင်စုရာထူးဝန်အဖွဲ့

(ခ) ဦးကျော်စိုး၊ ပါမောက္ခချုပ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(ဂ) ဦးကျော်ထွေး၊ ပါမောက္ခချုပ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(ဃ) ဦးလှအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(င) ဒေါ်အေးအေးသွင်၊ ဒုတိယအမြဲတမ်းအတွင်းဝန် ပြည်ထောင်စုရာထူးဝန်အဖွဲ့ — အဖွဲ့ဝင်

(စ) ဒေါ်ချိုချိုပြုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရေးရာဦးစီးဌာန — အဖွဲ့ဝင်

(ဆ) ဒေါ်စိုးစိုးဦး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန — အဖွဲ့ဝင်

(ဇ) ဒေါ်မူမူမြင့်၊ ဒုတိယပါမောက္ခချုပ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်) — အဖွဲ့ဝင်

(ဈ) ဒေါ်ခင်စမ်းယု၊ ဒုတိယပါမောက္ခချုပ် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) — အဖွဲ့ဝင်

(ည) ဦးမြင့်ဆွေ၊ ညွှန်ကြားရေးမှူးချုပ် ဥက္ကဋ္ဌရုံးအဖွဲ့ — အတွင်းရေးမှူး

၂။ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဘဏ္ဍာနှစ်အလိုက်ဆောင်ရွက်သည့် အဆောက်အဦနှင့်လမ်းများ၊ ရုံးသုံးစက်ကိရိယာပစ္စည်းများ၊ Network လိုင်းတို့နှင့် ဆက်စပ်ပစ္စည်းများ၊ ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ရုံးသုံးပရိဘောဂပစ္စည်းစာရင်းများ မှန်ကန်စေရေးစစ်ဆေးရန်၊

(ခ) ပျက်စီးစာရင်းများအား ခေတ်ပုံမှတ်တမ်းတင်ခြင်း၊ ကာလပေါက်ဈေးနှင့်အညီ စာရင်းတွက်ချက်ခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ရန်၊

(ဂ) ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာနသို့ပေးပို့သည့် ပြန်တမ်းစာရင်းဇယားများနှင့် တိုက်ဆိုင်စစ်ဆေးရန်၊

(ဃ) ပျက်စီးဆုံးရှုံးသည့် ရုံးပိုင်ပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်၊ အသုံးမပြုနိုင်ခွဲခြား၍ မှတ်တမ်းတင်ပြုစုရန်၊

(င) ပြန်လည်အသုံးပြုနိုင်သည့်ပစ္စည်းများကို စနစ်တကျ သိမ်းဆည်းထိန်းသိမ်းနိုင်ရေးဆောင်ရွက်ရန်၊

(စ) ဌာနပိုင်စာရင်းမှ ပယ်ဖျက်ရေး၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရန်။

၃။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ မြေငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ရုံးအဆောက်အဦများ၊ ရုံးပိုင်ပစ္စည်းများ စစ်ဆေးရေးနှင့် စနစ်တကျထိန်းသိမ်းရေးအဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ၊ ကနဦးလိုအပ်ချက် မှတ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေးလုပ်ငန်းကော်မတီတို့၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျလိုက်နာဆောင်ရွက်သွားရန် ဖြစ်ပါသည်။

အောင်သော်

ဥက္ကဋ္ဌ

ပြည်ထောင်စုရာထူးဝန်အဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## အမိန့်ကြော်ငြာစာအမှတ် (၁၁/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်)

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ငွေကြေးစီမံခန့်ခွဲမှုဌာနကြီးမှ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့် အား အသက် (၆၂) နှစ်ပြည့်ပြီးနောက် ခံစားခွင့်ရှိသည့် ကြိုတင်ပြင်ဆင်ခွင့် (၄) လ (၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်နေ့မှ ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့အထိ) ကို လုပ်ငန်းလိုအပ်ချက်အရ ခံစားခွင့်မပြုဘဲ ပျမ်းမျှလစာဖြင့် ဆက်လက်ထမ်းဆောင်စေလိုက်သည်။

၂။ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းမြင့် အား အထက်ပါကာလကုန်ဆုံးပြီး နောက်တစ်ရက်ဖြစ်သည့် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁၅ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆၊ ၅၇ နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ (က) တို့နှင့်အညီ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

၃။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၅၁/၂၀၂၄ ကို ဤအမိန့်စာဖြင့် လွှမ်းမိုးပယ်ဖျက်လိုက်သည်။

သန်းသန်းဆွေ

ဥက္ကဋ္ဌ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် (၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး
### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၈ ရက်)

အမှတ် ၇၈/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

| | | | | |
|---|---|---|---|---|
| (၁) | အောင်ဖြိုးဝင်း | ကြည်း | ၈၁၃၆၁ | ၂၇-၁၀-၂၀၂၄ |
| (၂) | ကိုလေး | ကြည်း | ၈၁၃၆၂ | ၆-၁၁-၂၀၂၄ |
| (၃) | ကျော်ညို | ကြည်း | ၈၁၃၆၃ | ၂-၁၂-၂၀၂၄ |
| (၄) | စမြင့်နိုင်ဦး | ကြည်း | ၈၁၃၆၄ | ၅-၁၂-၂၀၂၄ |
| (၅) | မောင်မောင်မြင့် | ကြည်း | ၈၁၃၆၅ | ၁၉-၁၂-၂၀၂၄ |

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်)

အမှတ် ၇၉/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မေလ ၉ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်−

ဇော်ထွန်းဝင်း ကြည်း ၈၁၃၆၆

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၂ ရက်)

အမှတ် ၈၀/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | ထွန်းအေး | ကြည်း | ၈၁၃၆၇ | ၁၁–၅–၂၀၂၅ |
| (၂) | တင်ထွန်းခိုင် | ကြည်း | ၈၁၃၆၈ | ၁၁–၅–၂၀၂၅ |
| (၃) | သက်နိုင် | ကြည်း | ၈၁၃၆၉ | ၁၁–၅–၂၀၂၅ |
| (၄) | ဝင်းနိုင် | ကြည်း | ၈၁၃၇၀ | ၁၂–၅–၂၀၂၅ |
| (၅) | သန်းထွန်း | ကြည်း | ၈၁၃၇၁ | ၁၂–၅–၂၀၂၅ |

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်)

အမှတ် ၈၁/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/ ၁၀/ ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ မေလ ၁၄ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | |
|---|---|---|
| သိန်းထွဋ် | ကြည်း | ၈၁၃၇၂ |

အမှတ် ၈၂/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

| | | | | |
|---|---|---|---|---|
| (၁) | စောသိန်း | ကြည်း | ၈၁၃၇၃ | ၃၁–၇–၂၀၂၄ |
| (၂) | သိန်းဦး | ကြည်း | ၈၁၃၇၄ | ၂–၈–၂၀၂၄ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

# အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လဆန်း ၄ ရက်

(၂၀၂၅ ခုနှစ်၊ ဧပြီလ ၃၀ ရက်)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့၊ အောင်မေတ္တာရပ်ကွက်၊ အကွက်အမှတ်/ အမည် (၁-ခ/ အောင်မေတ္တာရပ်)၊ ဦးပိုင်အမှတ်-၁၉၀ (က)၊ မြေကွက်အမှတ် (၁၂၅) ရှိ မြေဧရိယာ ၀.၁၈၂ ဧက၊ ဦးပိုင်အမှတ်-၁၉၁ (က)၊ မြေကွက်အမှတ် (၁၂၆) ရှိ မြေဧရိယာ ၀.၁၅၆ ဧက၊ ဦးပိုင်အမှတ်-၁၂၁ (ခ)၊ မြေကွက်အမှတ် (၁၁၁/၂၂၃) ရှိ မြေဧရိယာ ၀.၃၂၈ ဧကနှင့် ဦးပိုင်အမှတ်-၁၂၂၊ မြေကွက်အမှတ် (၁၁၂) ရှိ မြေဧရိယာ ၁.၀၉၀ ဧက **စုစုပေါင်းမြေဧရိယာ ၁.၇၅၆ ဧက** အား **ရန်ကုန် (၂) ဘုန်းတော်ကြီးကျောင်း** မြေနေရာအဖြစ်အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၃၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၃ ရက်)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့၊ အောင်သုခရပ်ကွက်၊ အကွက်အမှတ်နှင့် အမည် (၃-ခ/အောင်သုခရပ်)၊ ဦးပိုင်အမှတ်-၁၁၇ᵏ၊ မြေကွက်အမှတ်-၁၂၄ ရှိ မြေဧရိယာ ၀.၃၃၅ ဧက၊ ဦးပိုင်အမှတ်-၁၂၂ᵘ၊ မြေကွက် အမှတ်-၁၅၉/၂၅၂ ရှိ မြေဧရိယာ ၀.၀၁၅ ဧကနှင့် ဦးပိုင်အမှတ်-၁၂၄ᵏ၊ မြေကွက်အမှတ်-၁၅၃/၂၃၁ ရှိ မြေဧရိယာ ၀.၀၅၆ ဧက **စုစုပေါင်းမြေဧရိယာ ၀.၄၀၆ ဧက** အား **ပါရမီဘုန်းတော်ကြီးကျောင်း** မြေနေရာ အဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့်ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

**ရုံးတွင်းအမိန့်စာအမှတ် (၃၈၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၉ ရက်)

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၁၆-၅-၂၀၂၅ ရက်စွဲပါ စာအမှတ်၊ ၅ ခွဲ (၁) ၂၅/ သတ္တု (၄၃၁၁) အရ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရုံးချုပ် (နေပြည်တော်)၊ စီမံဌာနမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ဒုတိယအထွေထွေမန်နေဂျာ ဦးနိုင်ဇော်ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၃/ ကမန (နိုင်) ဝ၇၂၇၂၇] ၏ ၁၂-၆-၂၀၂၅ ရက်နေ့မှ ၁၁-၁၀-၂၀၂၅ ရက်နေ့ထိ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ အခန်း (၈)၊ နည်းဥပဒေအပိုဒ် ၈၁ ပါ ပြဋ္ဌာန်းချက်နှင့်အညီ အများပြည်သူအကျိုးငှာ ငြင်းပယ်လိုက်သည်။

၂။ ဒုတိယအထွေထွေမန်နေဂျာ ဦးနိုင်ဇော်ဦး အား ငြင်းပယ်ထားသည့် အငြိမ်းစားယူရန် ကြိုတင်ပြင်ဆင်ခွင့် (၄) လကို အသက် (၆၂) နှစ်ပြည့်သည့် ၁၂-၁၀-၂၀၂၅ ရက်နေ့မှ ၁၁-၂-၂၀၂၆ ရက်နေ့အထိ ခံစားခွင့်ပြုပြီး ခွင့်ကုန်ဆုံးသည့် ၁၂-၂-၂၀၂၆ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၅၆ (က)နှင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအပိုဒ် ၂၃၃ (က) တို့အရ သက်ပြည့်အငြိမ်းစား ခံစားခွင့်ပြုလိုက်သည်။

မောင်မောင်ရှိမ်း
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း

## အဆင့်မြင့်ပညာဦးစီးဌာန

၁၃၈၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်

(၂၀၂၅ ခုနှစ်၊ မေလ ၁၅ ရက်)

အမှတ် ၄၄၈။ ရန်ကုန်တက္ကသိုလ်၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးဌာနမှ ဌာနမှူး၊ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀) ဒေါက်တာ နော်စိဘလု အား ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရှိုးရာဓလေ့ဌာနသို့ ညွှန်ကြားရေးမှူးရာထူးဖြင့် အလုပ်တာဝန်ဝတ္တရားများ စတင်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်းတူ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဒေါက်တာ ကျော်ဆန်းဝင်း
ခေတ္တညွှန်ကြားရေးမှူးချုပ်
အဆင့်မြင့်ပညာဦးစီးဌာန

မှတ်ပုံတင်အမှတ်−၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၁ ရက် (၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၄

**DATAPRO COMPUTER SYSTEMS (MYANMAR) COMPANY LIMITED**

Company Reg–No: 104518575

Under Myanmar Companies Law and Myanmar Insolvency Law

(Members' Voluntary Liquidation of the Company)

**Invitation to the Final General Meeting**

Notice is hereby given that the final general meeting of **DATAPRO COMPUTER SYSTEMS (MYANMAR) COMPANY LIMITED** (Reg–No: 104518575) [in voluntary liquidation] will be held on the following schedule. Therefore, all members are cordially invited to attend the final general meeting.

Date : 6–7–2025

Time : 10:00 am

Place : Online Virtual Meeting

At the meeting, the liquidator's report and statement of accounts shall be presented. And the company shall be finally dissolved.

DAW MAY SI

Liquidation Officer

PAPP – 168, MAIP – 00179

No (76), 2nd Street, Malarmyaing, 16 Quarter, Okkyin,

Hlaing Township, Yangon, Myanmar.

Phone No:01–7522684, 09–425818016